# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁) ရက် ၊ ကြာသပတေးနေ့ ၊ (4-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ ကဆုန်လပြည့်ကုသိုလ်တော်အဖြစ် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော်စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်ပူဇော်စဉ်။

**နေပြည်တော် မေ ၃**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကုသိုလ်တော်အဖြစ် မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော်စိုက်ပျိုးပူဇော်ခြင်းမင်္ဂလာအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁ ➩**






ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၄ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်နှင့် စာပေ

လူငယ်သည် ဖြူစင်သည်၊ ဖျတ်လတ်နိုးကြားသည်၊ စူးစမ်းလိုစိတ်၊ စွန့်စားလိုစိတ်ရှိသည်။ လူငယ်၏ မှတ်ဉာဏ်သည် အကြောင်းအရာသစ်များ၊ အချက်အလက်သစ်များကို မှတ်သားရန် အသင့်ရှိနေတတ်သည်။ လူကြီးသူမများအဖို့ ရိုးအီနေသောအကြောင်းအရာများ၊ အချက်အလက်များသည် လူငယ်များအဖို့မူ အသစ်အဆန်းဖြစ်နေတတ်သည်။

လူငယ်တစ်ယောက်ကို အကဲဖြတ်နိုင်သည်မှာ သူ၏ လုပ်ငန်းခွင်အချိန်နှင့် ကိုယ်ပိုင်အားလပ်ချိန်တို့ကို မည်သို့အသုံးချသလဲဆိုသည့်အချက်ပင်ဖြစ်သည်။ ပင်ကိုအားဖြင့် လူငယ်သည် လုပ်ငန်းခွင်တွင် ထက်သန်နိုးကြားစွာလုပ်ဆောင်တတ်သလို ကိုယ်ပိုင်အားလပ်ချိန်တွင် မိမိဝါသနာပါရာကို ဆောင်ရွက်လေ့ရှိသည်ဟု ဆိုနိုင်သည်။ ဤနေရာတွင် လူငယ်နှင့်စာပေဖတ်ရှုခြင်းအလေ့အထက လူငယ်တစ်ယောက်ကို အရည်အသွေးပိုမိုပြည့်ဝလာစေနိုင်ကြောင်း၊ ပိုမိုရင့်ကျက်လာစေနိုင်ကြောင်း တွေ့နိုင်သည်။

စာဖတ်ခြင်းသည် လူငယ်တစ်ယောက်အဖို့ အလွယ်တကူ လက်လှမ်းမီစွာပြုလုပ်နိုင်ပြီး လူမှုဘဝများနှင့် ကမ္ဘာကြီးကို ပြတင်းပေါက်မှ ကြည့်မြင်တွေ့ရခြင်းဟု ပုံခိုင်းနှိုင်းဆိုနိုင်သည်။ တိကျသိအပ်အရပ်ရပ်၊ သုခမဝင်ကြောင်းစုံလင်၊ လောကီထုပ္ပတ်လူတို့ဇာတ်များသည် စာအုပ်စာပေထဲမှတစ်ဆင့် မြင်တွေ့နိုင်၊ သိရှိနိုင်သည်။ ထို့ကြောင့် လူငယ်တစ်ယောက်အဖို့ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်ပိုမိုကျယ်ဝန်းလာပြီး လျင်မြန်စွာရင့်ကျက်လာနိုင်သည်။

လူငယ်များဖတ်ရှုရန် သင့်လျော်သည့်စာအုပ်စာပေများကို အစဉ်အဆက်က ရိုက်နှိပ်ထုတ်ဝေခဲ့ကြသည်။ ဈေးကွက်ထဲတွင်လည်း ဖြန့်ချိလျက်ရှိနေသည်ကို မြင်တွေ့နိုင်သည်။ မောင်ထင်၏ ငဘ ဝတ္ထု၊ မြသန်းတင့်၏ ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်၊ မောင်သာရ၏ မတ်တတ်ရပ်လို့ လမ်းမှာငို စသည့် ပင်ကိုရေးဝတ္ထုများ၊ မေတ္တာရှင်မလေး ပေါ်လီယာနာ၊ ရော်ဘင်ဆင်ကရူးဆိုး၊ စစ်နှင့်ငြိမ်းချမ်းရေး၊ ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ် စသည့် ဘာသာပြန်စာပေများမှာလည်း လူငယ်များ စာဖတ်ရှိန်ရလာလျှင် ဆက်လက်ဖတ်ရှုရန် သင့်လျော်သော ဝတ္ထုများပင်ဖြစ်သည်။

စာအုပ်စာပေသည် လူငယ်များ၏ စိတ်ကူးနယ်ပယ်ကို ဖွံ့ဖြိုးစေသည်သာမက စဉ်းစားဆင်ခြင်မှုကို ရင့်သန်လာစေနိုင်သည်။ အမှား၊ အမှန်ပိုင်းခြားဝေဖန်တတ်ရုံမက သင့်မသင့်၊ ဟုတ်မဟုတ်တို့ကိုလည်း ရှင်းလင်းစွာ ခွဲခြားသိမြင်စေနိုင်သည်။ စာအုပ်စာပေတွင် မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာနှင့် လုံးချင်းစာအုပ်အမျိုးမျိုးလည်းပါဝင်ပြီး မိမိတို့၏ ကိုယ်ပိုင်အချိန်နှင့်ကိုက်ညီစွာ လေ့လာဖတ်ရှုပါက မိမိ၏အသိဉာဏ်ဘဏ်တိုက်၌ ဗဟုသုတများစွာ စုဆောင်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သတင်းတု၊ သတင်းမှားများ၊ မသင့်လျော်သော၊ ရုန့်ရင်းကြမ်းတမ်းသော အကြောင်းအရာများကို ဦးစားပေးဖော်ပြလေ့ရှိသည့် လူမှုကွန်ရက်စာမျက်နှာများ၌သာ မွေ့လျော်နေမည်ဆိုလျှင် အချိန်ကုန်လူပန်းဖြစ်ကာ အကျိုးမဲ့အချည်းနှီးဖြစ်ရတတ်ပေသည်။ ထို့မျှမက သတင်းတု၊ သတင်းမှားများ၊ ပုံဖျက်ရေးသားထားသော အကြောင်းအရာများက လူငယ်များကို လမ်းမှားသို့ မရည်ရွယ်ဘဲ ရောက်ရှိသွားစေနိုင်သည်။ မိမိတို့၏ ကိုယ်ပိုင်အားလပ်ချိန်တွင် စစ်တုရင်ကစားခြင်း၊ အားကစားတစ်မျိုးမျိုး လှုပ်ရှားဆောင်ရွက်ခြင်း၊ ကဖေးဆိုင်ထိုင်ခြင်းတို့ကဲ့သို့ပင် စာဖတ်ခြင်းကို အလေ့အကျင့်အဖြစ်မွေးမြူကာ ဆောင်ရွက်သင့်ပေသည်။

သို့ဖြစ်ပေရာ မိမိအရည်အသွေးကို ပိုမိုကောင်းမွန်စေနိုင်ပြီး ဆင်ခြင်တုံတရားပြည့်ဝလာစေကာ ဗဟုသုတကြွယ်ဝလာစေသည့် စာဖတ်ခြင်းကို လူငယ်များအနေဖြင့် ကိုယ်ပိုင်အချိန်များထဲမှ အသုံးပြုဆောင်ရွက်ခြင်းဖြင့် မိမိဘဝတက်လမ်းကို လျှောက်လှမ်းနိုင်မည်ဖြစ်သလို လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိသောလူတစ်ယောက်အဖြစ်လည်း ရောက်ရှိလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ကဆုန်လပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး မေ ၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ ကဆုန်လပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်ဦးလေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ ကဆုန်လပြည့်ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ ဘုရားဖူးပြည်သူတွေနဲ့ ဘုရားဝတ်ပြုသူတွေ စည်ကားများပြားနေပါတယ်။ ဒီနေ့မနက် ၁၀ နာရီမှာ ရေတော်ဆရာတော်ကြီးနဲ့ ဖွင့်ပွဲလုပ်ပြီးတော့ စည်တော်ကြီးအဖွဲ့က ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်မြင်တော်မူတဲ့ အောင်ဂါထာတွေ ရွတ်ဖတ်ပြီး ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဘုရားဖူးလာရောက်ကြတဲ့ ပြည်သူတွေကို စတုဒိသာတွေ ကျွေးမွေးညှော်ခံပေးပါတယ်။ ဒီနေ့ ကဆုန်လပြည့်နေ့မှာ နယ်စုံဒေသက လာရောက်ဖူးမြော်သူတွေ၊ မြို့ပေါ်က လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ရွှေသင်္ကန်းကပ်လှူပူဇော်သူတွေလဲ များပြားနေပါတယ်။ သမိုင်းဝင်ပြတိုက်တွေကို သွားရောက်လေ့လာသူတွေ၊ ငါးကန်၊ လိပ်ကန်တွေကို သွားရောက်ပြီး ငါးစာ၊ လိပ်စာကျွေးသူတွေ စည်ကားနေပါတယ်။ ရောင်းချနေတဲ့ ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေများပြားနေပါတယ်" ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားကာ ယနေ့ ကဆုန်လပြည့်နေ့တွင် ဘုရားဖူးပြည်သူ ၁၅၇၉၅၁၈ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ ယနေ့ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီ၊ ကျောက်စိမ်းစေတီတို့၌ ဘုရားဖူးသူများ၊ အလည်အပတ် လာရောက်သူများဖြင့် မနက်အစောပိုင်းမှစတင်၍ စည်ကားလျက်ရှိကြောင်း ဦးသိန်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲတီစိမ်းအရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ထိပေါက်ဈေးရှိနေ

**မန္တလေး မေ ၃**

မန္တလေး ဈေးကွက်တွင် ပဲတီစိမ်းအရောင်းအဝယ် ကောင်းမွန်လာမှုကြောင့် ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ပဲတီစိမ်းဝယ်ယူမှု ပြန်လည်များပြားလာကြောင်း၊ ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းပြန်လည်ရရှိလာကြောင်း သိရသည်။

"ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုတစ်လော ကြိုက်ရောင်းကြိုက်ဝယ်တွေပြန်များလာပြီး အရောင်းအဝယ်တော်တော်လေးပြန်ကောင်းလာတော့ မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရနေပါတယ်။ ပဲတီစိမ်းက ပြည်တွင်းဈေးကွက်ထဲမှာလဲ အခု အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း ပဲတီစိမ်းအရောင်းအဝယ် ဒီထက်ပိုပြီးကောင်းမွန်လာမဲ့အနေအထားမှာရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ဧပြီလနောက်ဆုံးပတ်အတွင်းက ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ သာ ဈေးနှုန်းရှိခဲ့သော်လည်း မေ ၂ ရက်က ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဆိပ်ကမ်းများတွင် ကုန်စည်ရရှိမှုများပြားလာသဖြင့် ကုန်တင်၊ကုန်ချလုပ်သားဦးရေ ၃၀၀၀ ကျော်ထိ အလုပ်အကိုင်ရရှိနေ

**မန္တလေး မေ ၃**

မန္တလေးဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားလာသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား ဦးရေ ၃၀၀၀ ကျော်ထိ အလုပ်အကိုင်များရရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဆိပ်ကမ်းများဖြစ်သည့် ချော်ဆိပ်ကမ်း၊ ရွှေကြက်ယက်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်း၊ ဂေါဝိန်ဆိပ်ကမ်းတို့တွင် အခြားမြို့များသို့ တင်ပို့ရမည့် ကုန်စည်များမှာ ယခင်ကထက် ပိုမိုများပြားလျက်ရှိကြောင်း၊ မန္တလေးဆိပ်ကမ်းများမှ အခြားမြို့များသို့ တင်ပို့မည့် ကုန်စည်များထဲတွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်အပါအဝင် အထည်အလိပ်နှင့် ပရိဘောဂပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

"အခုတစ်လော ကုန်စည်ရရှိမှုက တော်တော်လေး ပြန်ကောင်းလာတာကြောင့် မန္တလေးဆိပ်ကမ်းတွေမှာ ကုန်တင်၊ ကုန်ချလုပ်သားတွေ အလုပ်အကိုင်တွေပြန်ပြီးရရှိနေကြပါတယ်။ ရွှေကူ၊ ကသာ၊ ထီးချိုင့်နဲ့ ဗန်းမော်ဘက်ကနေ မန္တလေးဆိပ်ကမ်းကိုတင်ပို့တဲ့ ကုန်စည်တွေလဲ ပုံမှန်အတိုင်း တင်ပို့နေကြပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဆိပ်ကမ်းများတွင် ဧပြီလ စတုတ္ထပတ်က ကုန်စည်များကို ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၂၀၀၀ ကျော်ဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် မန္တလေးဆိပ်ကမ်းမှ ဆန်၊ ဆီ၊ ဆား စသည့်ကုန်စည်ရရှိမှုများပြားလာခြင်းကြောင့် ကုန်တင်၊ ကုန်ချလုပ်သား စုစုပေါင်းဦးရေ ၃၀၀၀ ကျော်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေး ဆိပ်ကမ်းများမှ ရန်ကုန်၊ စစ်ကိုင်း၊ ကသာ၊ ထီးချိုင့်နှင့် ဗန်းမော် စသည့်မြို့များသို့ ကုန်ပစ္စည်းများတင်ပို့သည့် ကုန်တင် သင်္ဘောအစီးရေစုစုပေါင်း ၄၀၀ ကျော်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆီဆိုင်မြို့နယ် နမ့်ဟူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆီဆိုင် မေ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်မွန်ကျေးရွာအုပ်စု နမ့်ဟူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်လွင်လွင်ဦး၊ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ နမ့်ဟူးကျေးရွာ၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် အသင်းသား၊ အသင်းသူ ၆၀ ဦးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ပြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူး ဒေါ်လွင်လွင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နမ့်ဟူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၆၀ ဦးကို သတ္တမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၉ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးထျာရယ်က ပြောပြ၍ သိရသည်။

**ရှိုသန်းညွန့်**

# မံစီမြို့နယ် နမ့်မဖွဲ့ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**မံစီ မေ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်မဖွဲ့ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်းက ကျေးလက်နေပြည်သူများအတွက် မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ စက်ချုပ်သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်း၊ မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျိုးတို့က သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းကို နမ့်မဖွဲ့ကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ရင်ဖုံးအင်္ကျီ၊ ရင်စေ့အင်္ကျီ၊ ရှပ်အင်္ကျီ၊ စကတ်နှင့် ဘောင်းဘီချုပ်နည်းများကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် မေ ၂ ရက်မှ ၃၁ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း CMP လက်ခစားချုပ်ပြီးအထည် နိုင်ငံတကာသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၈၄ သန်း ရရှိထား



**ရန်ကုန် မေ ၃**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံမှ CMP လက်ခစားချုပ်ပြီးအထည်များ နိုင်ငံတကာသို့တင်ပို့မှုက ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈၄ သန်းရရှိထားကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောပြ၍ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ CMP စက်ရုံ၊ အလုပ်ရုံများတွင် တရုတ်နိုင်ငံမှ အများဆုံးရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိပြီး တရုတ်(တိုင်ပေ)၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့ကလည်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်း၊ CMP လက်ခစားချုပ်ပြီးအထည်များကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံက CMP လက်ခစားချုပ်ပြီးအထည်တွေ နိုင်ငံတကာသို့တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၅၁ သန်း ရရှိထားပါတယ်။ အခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှာ ချုပ်ပြီးအထည်ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၃၈၄ သန်း ရရှိထားပါတယ်။ နယ်စပ်ကုန်သွယ်ရေးနဲ့ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံကို တင်ပို့မှုက အမေရိကန်ဒေါ်လာသန်း ၂၀၀ ဖြစ်ပြီး ဥရောပနဲ့ အခြားနိုင်ငံတွေကို ပင်လယ်ရေကြောင်းကနေ တင်ပို့မှုက အမေရိကန်ဒေါ်လာ ၁၈၄ သန်းရရှိထားပါတယ်"ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောပြသည်။

အဆိုပါ CMP လက်ခစားချုပ်ပြီးအထည် လုပ်ငန်းများမှာ အဝတ်အထည်ချုပ်လုပ်ငန်း ၅၀၅ ရုံ၊ ဖိနပ်ချုပ်လုပ်ငန်း ၄၈ ရုံ၊ ဆံပင်တုလုပ်ငန်းရှစ်ရုံ၊ အခြားသောအိတ်ချုပ်လုပ်ငန်း၊ အားကစားဝတ်စုံ၊ အားကစားဖိနပ်၊ ခြေအိတ်ချုပ်လုပ်ငန်း လုပ်ကိုင်နေသည့် စက်ရုံ၊ အလုပ်ရုံ ၁၇၇ ရုံဖြစ်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်နေကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောပြ၍ သိရသည်။

ASH

# မလှိုင်မြို့နယ် မြင်းဦးလှည့်ရွာမကျေးရွာ၌ စက်ရေတွင်းများကြံ့ခိုင်မှုရှိ၊ မရှိ စစ်ဆေး

**မလှိုင် မေ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းဦးလှည့်ကျေးရွာအုပ်စု မြင်းဦးလှည့်ရွာမကျေးရွာ၌ နွေရာသီ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စက်ရေတွင်းကြံ့ခိုင်မှုရှိ၊ မရှိ အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်မာလွင်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မြင်းဦးလှည့်ရွာမကျေးရွာ၌ စက်ရေတွင်းကြံ့ခိုင်မှုရှိ၊ မရှိ အခြေအနေများနှင့် လက်ရှိ ရေပေးဝေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရေး ကျေးရွာရေကော်မတီများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် မှာကြားသည်။

မြင်းဦးလှည့်ရွာမကျေးရွာ၌ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရန်အတွက် အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အရှည်ပေ ၁၇၀၀ နှင့် အရှည်ပေ ၁၀၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၅၂၂၃ ဧက စိုက်ပျိုးသွားမည်

**ထီးချိုင့် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၅၂၂၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။


ထီးချိုင့်မြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက ကြံ ၁၂၅၀၁၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကြံဧက ၆၅၈၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၅၂၂၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ကြံဧက ၆၅၈၅၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ကြံ ၆၅၂၂၃ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ ကြံကို ပုံမှန်စိုက်ပျိုးကြပါတယ်။ ကြံစိုက်ပျိုးရာမှာ အထွက်ကောင်းတဲ့ K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးတွေကို အဓိကစိုက်ပျိုးကြတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ထီးချိုင့်မြို့နယ်တွင် ကြံ ၅၁၁၇၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကြံ ၅၃၀၁၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံအများဆုံး စိုက်ပျိုးကြကြောင်း၊ ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့်ရှိပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း၊ အထွက်နှုန်းကောင်းသည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို အဓိကစိုက်ပျိုးကြကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)



# ဝန်ကြီးပဒေသရာဇာ၏ အသစ်တွေ့ရတနာမဉ္ဇူကျမ်း(၂)

**ပိုလ်ရှိတ်(ရတနာပူရ)**

**ဘွဲ့နှင့် ရာထူးများ**

ဝန်ကြီးပဒေသရာဇာသည် စနေမင်းလက်ထက်မှ စ၍ ကြာသပတေးမင်းခေါ် ဟံသာဝတီပါမင်းလက်ထက်ထိ မင်းသုံးဆက်တိုင်တိုင် မင်းမှုထမ်းခဲ့ပြီး ဘွဲ့အမျိုးမျိုး၊ ရာထူးအမျိုးမျိုးဖြင့် မြှောက်စားချီးမြှင့်ခြင်းခံခဲ့ရသည်။ အထူးသဖြင့် ဟံသာဝတီပါမင်းလက်ထက်တွင် ပို၍မြှောက်စားချီးမြှင့်ခြင်းခံခဲ့ရသည်။ ဟံသာဝတီပါမင်းက အမြတ်တနိုးဖြင့် စာဆိုကြီးဟူ၍ ခေါ်ရလောက်သည်ထိ မြှောက်စားချီးမြှင့်ခံရသည်။ ရှေးမင်းတို့လက်ထက်က ပေးလေ့ပေးထမရှိသော ပဒေသရာဇာဘွဲ့၊ ပဒေသရာဇ်ဘွဲ့များကိုပင် ရရှိခဲ့သည်။

ဝန်ကြီးပဒေသရာဇာသည် သူရရှိခဲ့သော ရာထူးများ၊ ဘွဲ့များကို သူရေးသားခဲ့သော ပို့ကဗျာများတွင် ထည့်သွင်းဖွဲ့ဆိုထားသည်ကို တွေ့ရသည်။ အထူးသဖြင့် ဝန်ကြီးပဒေသရာဇာရေးသားခဲ့သော မင်းထိပ်ပန်းချောင်းနိဂုံးတွင် ဝန်ကြီးပဒေသရာဇာရရှိခဲ့သော ဘွဲ့များ၊ ရာထူးများကို ရေးသားထားသည်။ အခြားသော ရှေးဟောင်းမှတ်တမ်း၊ စာတမ်းတို့တွင်လည်း ဝန်ကြီးပဒေသရာဇာရရှိခဲ့သော ဘွဲ့နှင့်ရာထူးတချို့ကိုဖော်ပြထားသည်ကို တွေ့ရသည်။ ထိုသို့အရပ်ရပ် စာပေကျမ်းဂန်များကို အထောက်အထားပြု၍ စနေမင်း၊ တနင်္ဂနွေမင်း၊ ကြာသပတေးမင်းတို့လက်ထက်တွင် ဝန်ကြီးပဒေသရာဇာရရှိခဲ့သော ဘွဲ့နှင့် ရာထူးများကို ဖော်ပြပါမည်။

**စနေမင်းလက်ထက်**

၁။ စုရေးစုကိုင်
၂။ ပရိတ်နာဆက်

**တနင်္ဂနွေမင်းလက်ထက်**

၃။ လက်ဝဲရွှေတောင်
၄။ အလယ်ရွာစား
၅။ မန်ကျည်းရုံရွာစား
၆။ တနင်္ဂနွေမင်းသားတော် စဥ့်ကူးမင်းသားအချီတော်
၇။ အတွင်းဘဝေါနေရာတော်နေ(လက်ဝဲ ရွှေတောင်ဘွဲ့ဖြင့်နေရသည်။ ရွှေဓားပြောက်ကိုင်ဆောင်ရွက်ခွင့်ရသည်။)
၈။ လက်နက်တိုက်ဝန်
၉။ သူရဲဝန်
၁၀။ ဝေါပလာမှူး

**ကြာသပတေးမင်းလက်ထက်**

၁၁။ ဘယကျော်သူဘွဲ့
၁၂။ ဇရွှံမြို့စား(ဘယကျော်သူဘွဲ့နှင့် စားရသည်)
၁၃။ မင်းရဲကျော်ထင်ဘွဲ့
၁၄။ မင်းရဲမင်းလှကျော်ထင်(ဤဘွဲ့ဖြင့် အသည်ဝန်ခန့်သည်)
၁၅။ အသည်ဝန်
၁၆။ နတ်ရှင်နောင်
၁၇။ ဘုန်းတော်မြတ်
၁၈။ ပဒေသရာဇာ
၁၉။ ပဒေသရာဇ်
၂၀။ မြို့တွင်းနတ်ရှင်
၂၁။ မြို့တွင်းရှင်ဘုရင်
၂၂။ မင်းကျော်ထင်(အလွန်ပေးခဲ့သောဘွဲ့ဖြစ်သည်)
၂၃။ တော်နေရာနေ
၂၄။ တော်ချွန်
၂၅။ အဂ္ဂမဟာသေနာပတိ
၂၆။ အတွင်းဝန်
၂၇။ နေမျိုးသီရိရွှေတောင်နော်ရထာ
၂၈။ မင်းသားကြီးနေရာ
၂၉။ ဝန်ကြီး

အထက်ပါရာထူး၊ ဘွဲ့ထူးများကိုကြည့်ပါက ဝန်ကြီးပဒေသရာဇာသည် လွန်စွာမြှောက်စားချီးမြှင့်ခံခဲ့ရကြောင်း သိနိုင်သည်။ တချို့ဘွဲ့များသည် ဝန်ကြီးပဒေသရာဇာကို ပေးလိုသောကြောင့် အသစ်တီထွင်ပေးသော ဘွဲ့များဖြစ်သည်။ ရှေးကရှင်ဘုရင်ကို ခစားရာတွင် နေရာတော်ငါးသွယ်ဟူ၍ရှိသည်။ နေရာတော်ငါးသွယ်မှာ တော်နေရာ၊ ဒူးနေရာ၊ စနည်းနေရာ၊ အတွင်းဘဝေါ၊ အပြင်ဘဝေါဟူ၍ဖြစ်သည်။ နေရာတော် ငါးသွယ်တွင် တော်နေရာသည် အမြင့်ဆုံးဖြစ်သည်။ သို့သော် ကြာသပတေးမင်းသည် ဝန်ကြီးပဒေသရာဇာကို တော်နေရာထက်မြင့်သောနေရာကို ပေးလိုသောကြောင့် တော်ချွန်ဟူသော နေရာသစ်တစ်ခုကို တီထွင်ကာ ဝန်ကြီးပဒေသရာဇာကိုပေးအပ်ခဲ့သည်။ ထိုမျှဖြင့်ပင် မရပ်တန့်သေးပေ။ တော်ချွန်နေရာ၏ ရှေ့တော်မှခစားရသည့် တော်ချွန်ထက် အဆင့်မြင့်သည့် မင်းသားကြီးနေရာထိပင် ဝန်ကြီးပဒေသရာဇာကို ပေးအပ်ခဲ့လေသည်။ သာမန်ကျေးကျွန်တို့ကို မပေးဖူးသောရာထူးပင်ဖြစ်သည်။

ဝန်ကြီးပဒေသရာဇာကို ထိုကဲ့သို့ ရာထူးများ၊ ဘွဲ့များပေးရာတွင် အစီးအနင်းအဆောင်အရွက်များကိုပါ တစ်ပါတည်းပေးသည်။ လက်ဝဲရွှေတောင်ဘွဲ့နှင့် ဝေါပလာမှူးအဖြစ် အမှုထမ်းစဉ်က ရွှေဓားဆောက်ပြည့်၊ အိမ်ပြည့်ရသည်။ အတွင်းဝန်အဖြစ် အမှုထမ်းစဉ်က ရွှေကျပ်လက်ဖက်အိုးလေးလုံး၊ ကျိုင်းလေးသစ်ခန့် အသုံးပြုခွင့်ရသည်။ ဇရွှံမြို့ကိုစားသောအခါ ကွမ်းခွက်၊ လက်ဖက်အိုးအဝန်း၊ စားမည်သရီမွမ်း၊ တကောင်းပိတ်ထွေးအင်တို့ကို အသုံးပြုခွင့်ရသည်။ ဝန်ကြီးဖြစ်သောအခါ မိုးကြိုးထွေးအင်ဆင်စွယ်ချက်ပြည့်၊ ပန်းဆိုးထီးအချက်ရွှေအရိုး၊ ညောင်ရွက်သုံးဆင့်ရွှေထွေးအင်၊ သန်လျင်းတလဲကိုးဝန်းရသည်။ လွတ်တက်၊ ရုံးတက်သောအခါ သန်လျင်းတလဲစီး၍တက်ရသည်။ ထို့ပြင် ဝေါပလာကျိုင်းရွှေချက်နှစ်စင်းဖြင့် ဝေါပလာစီး၍ လွှတ်တက်ရသည်။ ဝန်ကြီးပဒေသရာဇာသည် ထိုမျှအထိပင် အဆောင်အရွက်အစီးအနင်းများကို တင့်တယ်ခမ်းနားစွာသုံးဆောင်ခွင့်ရရှိခဲ့သည်။ ဝန်ကြီးသည် သူရရှိခဲ့သော အစီးအနင်းအသုံးအဆောင်များကို မင်းထိပ်ပန်းချောင်းနိဂုံးတွင် အသေးစိတ်ရေးသားထားသည်ကို တွေ့မြင်ဖတ်ရှုနိုင်သည်။

**ဘဝနေဝင်ချိန်နိုင်ငံရေးအခြေအနေ**

ဝန်ကြီးပဒေသရာဇာသည် မင်းသုံးဆက်တိုင်တိုင် အမှုထမ်းခဲ့သူဖြစ်သည်။ သူနောက်ဆုံးအမှုထမ်းခဲ့သည့် ဟံသာဝတီရောက်မင်းတရားလက်ထက်တွင် နိုင်ငံအခြေအနေမှာ ယိမ်းယိုင်လာသည်။ ဟံသာဝတီပါမင်း၏ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့် အင်းဝနေပြည်တော်မှာ အင်အားချည့်နဲ့လာသည်။ ကျူးကျော်လာသော ကသည်းစစ်ကိုလည်း ထိရောက်စွာနှိမ်နင်းနိုင်ခြင်းမရှိချေ။ ကသည်းတို့သည် အင်းဝနေပြည်တော်မြောက်ဘက်တစ်လွှားကို ကျူးကျော်ဖျက်ဆီးကာ စစ်ကိုင်းမြို့ရောက်အောင်ထိပင် ရောက်ရှိခဲ့သည်။ ထိုကျူးကျော်မှုများကိုလည်း ထိရောက်အောင် မခုခံမကာကွယ်နိုင်ချေ။

အဆိုးဆုံးမှာ ဟံသာဝတီမှ ဗညားဒလဦးဆောင်သောတပ်များကို ထိရောက်စွာမကာကွယ်နိုင်ခြင်းဖြစ်သည်။ သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ဥပရာဇာ၊ ဗညားဒလ၊ ဗညားကောင်းဟန်တို့ဦးဆောင်သော မွန်တပ်များသည် အင်းဝမြို့သို့ ချီတက်လာသည်။ ထို့နောက် စစ်ကိုင်းမြို့နှင့် အင်းဝမြို့ပတ်ဝန်းကျင်ရှိ ဒေသများကို သိမ်းကာ အင်းဝမြို့ကိုဝန်းရံတိုက်ခိုက်ခဲ့သည်။ မွန်တို့၏တိုက်ခိုက်မှုကို ဟံသာဝတီပါမင်းသည် ပြန်လည်ခုခံနိုင်ခြင်းမရှိပေ။ စာဆိုဝန်ကြီးပဒေသရာဇာသည်လည်း မှူးကြီး၊ မတ်ကြီးများ၊ ဆရာတော်များနှင့် တိုင်ပင်၍ မြို့စီးပြစီးများကို နေ့ညစ်ကြောကာ အင်းဝမြို့ကြီးကို ရန်သူလက်သို့ မရောက်အောင် အားသွန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း လက်ဝဲနော်ရထာ၏မှတ်တမ်း၌ တွေ့ရသည်။ သို့သော်လည်း အင်းဝမြို့မှာ အဘက်ဘက်မှ အားအင်ချည့်နဲ့နေပြီဖြစ်သောကြောင့် ဟံသာဝတီတပ်များ၏ ကျူးကျော်မှုကို ခုခံနိုင်စွမ်းမရှိတော့ချေ။ သက္ကရာဇ် ၁၁၁၃ ခုနှစ် တန်ခူးလဆန်း ၆ ရက်(၁၇၅၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်) အင်းဝအပြင် မြို့ကြီးပျက်သည်။ တန်ခူးလဆန်း ၈ ရက်(၁၇၅၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်) အင်းဝတစ်မြို့လုံး မွန်တို့လက်အောက်သို့ကျရောက်ကာ ညောင်ရမ်းမင်းဆက်လည်းပြတ်ခဲ့သည်။ ဒုတိယအင်းဝခေတ်ဟုခေါ်သော ညောင်ရမ်းခေတ်လည်း နိဂုံးချုပ်ခဲ့သည်။

ဝန်ကြီးပဒေသရာဇာ၏ ဘဝနေဝင်ချိန်သည် ထိုကဲ့သို့ အင်းဝပျက်စီးချိန်နှင့် ကြုံတွေ့ခဲ့ရသည်။ မွန်တို့သည် ဟံသာဝတီပါမင်းနှင့် ဆွေတော်မျိုးတော်များ၊ မှူးကြီးမတ်ကြီးများကို ဟံသာဝတီသို့ခေါ်ဆောင်သွားခဲ့သည်။ ဟံသာဝတီသို့ပါရသောကြောင့် ဟံသာဝတီပါမင်းဟုတွင်သည်။ ၁၁၁၆ ခုနှစ်တွင် ဟံသာဝတီမြို့တွင် ရေချစီရင်ခြင်းခံရသည်။ ဝန်ကြီးပဒေသရာဇာသည်လည်း ဟံသာဝတီသို့ပင်ပါရသည်။

**ပဒေသရာဇာ၏နေဝင်ချိန်**

အင်းဝမြို့ပျက်သောအခါ ဟံသာဝတီပါမင်းနှင့်အတူ အင်းဝမှဟံသာဝတီသို့ပါရသော စာရင်းတွင် ဝန်ကြီးပဒေသရာဇာကို မတွေ့ရပေ။ အင်ရှုံစာတမ်း၌ "အဝဘုရင်၊ စစ်ကိုင်းဘုရင်မှစ၍ မိဖုရား၊ သားတော်၊ သမီးတော်၊ ညီတော်၊ ဆွေတော်၊ မျိုးတော်တို့ကို ဟံသာဝတီသို့ ဆောင်ယူလေသည်။ ဝန်ကြီးသီရိဥဇနာ၊ သီရိဇေယျကျော်စွာ၊ သီရိသီဟသူရတို့နှင့် မှူးကြီး၊ မတ်ကြီးတို့ကိုဆောင်ယူ၍ သက္ကရာဇ် ၁၁၁၄ ခုနှစ် ကဆုန်လ ဟံသာဝတီမြို့သို့ရောက်၍ အဝဘုရင်နှင့်ဆွေတော်၊ မျိုးတော်၊ မှူးကြီး၊ မတ်ကြီးတို့ကို သစ္စာပေးသည်"ဟူ၍ ဖော်ပြထားသည်။ ထိုစာရင်းတွင် ပဒေသရာဇာမပါပေ။ မှော်ဘီဆရာသိန်းကြီး၏ မှတ်တမ်းတွင် ဝန်ကြီးပဒေသရာဇာသည် အင်းဝပျက်သောအခါ ဘေးလွတ်ရာသို့ တိမ်းရှောင်နေစဉ် မွန်တို့မှ ဖမ်းမိပြီး ဟံသာဝတီသို့ဆောင်ယူသွားကြောင်း ဖော်ပြထားသည်။ ဝန်ကြီးပဒေသရာဇာသည် ဟံသာဝတီပါမင်းနှင့်အတူ ဟံသာဝတီသို့ပါရခြင်းမဟုတ်ဘဲ သီးသန့်ဖမ်းမိ၍ ဟံသာဝတီသို့ရောက်ခဲ့ရသည်ဟု ယူဆရသည်။

**ကွယ်လွန်ရာဒေသနှင့် ကွယ်လွန်ချိန်**

ဝန်ကြီးပဒေသရာဇာ ကွယ်လွန်ရာဒေသနှင့် ကွယ်လွန်ချိန်မှာ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ အစဉ်အလာအရ သိသူများထင်ရှားသည်မှာ ဝန်ကြီးပဒေသရာဇာသည် အင်းဝမှ ဟံသာဝတီသို့ဖမ်းဆီးခေါ်ဆောင်ခံရပြီး သန်လျင်မြို့သို့ရောက်သောအခါ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ သန်လျင်မြို့၌ ဝန်ကြီးပဒေသရာဇာ၏ အထိမ်းအမှတ်အုတ်ဂူဖြစ်ကြောင်း ရေးသားဖော်ပြထားသည်များလည်း ဖတ်ရှုရသည်။ သို့သော် ဝန်ကြီးပဒေသရာဇာသည် သန်လျင်မြို့တွင် ကွယ်လွန်ခဲ့ခြင်းမဟုတ်သလို ထိုအုတ်ဂူမှာလည်း ဝန်ကြီးပဒေသရာဇာ၏ အုတ်ဂူမဟုတ်ကြောင်း ငြင်းချက်ထုတ်သူများလည်းရှိသည်။ ဝန်ကြီးပဒေသရာဇာ ကွယ်လွန်နှစ်ကိုလည်း တိတိကျကျမတွေ့ရသေးပေ။ သို့ဖြစ်သောကြောင့် ဝန်ကြီးပဒေသရာဇာကွယ်လွန်ရာဒေသနှင့် ကွယ်လွန်နှစ်ကို လေ့လာကြည့်ရပေမည်။

ဝန်ကြီးပဒေသရာဇာ ကွယ်လွန်ရာဒေသနှင့် ကွယ်လွန်သည့်အကြောင်းကို အစောဆုံးဖော်ပြသည့်ကျမ်းမှာ အင်ရှုံဝန်ကြီး သီရိဥဇနာ၏ အင်ရှုံစာတမ်းဖြစ်သည်။ အင်ရှုံဝန်ကြီးသည် ဝန်ကြီးပဒေသရာဇာနှင့်အတူ မင်းမှုထမ်းခဲ့သော ခေတ်ပြိုင်ဝန်ကြီးဖြစ်သည်။ အင်ရှုံစာတမ်း၌ "သက္ကရာဇ် ၁၁၁၃ ခု ဟံသာဝတီ တလိုင်းတို့သိမ်းယူရာတွင် ပဒေသရာဇ်ခရီးတွင် သေလွန်သည်"ဟူ၍ ဖော်ပြထားသည်။ အင်ရှုံစာတမ်း၌ လမ်းခရီးတွင် ကွယ်လွန်သည်ဟူ၍သာပါသည်။ နေရာအတိအကျမပါပေ။

မုံရွေးဆရာတော်၏ ရာဇဝံသရာဇဝရမဏ္ဍနီကျမ်းတွင် "ပဒေသရာဇာလည်း မနော်ဟရီပျို့၊ ကုမ္မာဘယပျို့၊ မဃကတ်ပျို့၊ သူဇာပျို့၊ ကျေးလူးတော်ပျို့၊ မင်းနန်ပျို့၊ ယသော်ဓရာပျို့၊ ဆန္ဒပျို့၊ သိင်္ဂဝတ္ထုဟောင်း၊ ချောင်း၊ ရတု စသည်တို့ကိုဆို၏။ ပဒေသရာဇာကား မင်းနှင့်တကွ အောက်သို့ပါသည်။ သန်လျင်သို့ ရောက်မှနာ၍လွန်သည်"ဟူ၍ ဖော်ပြထားသည်။ မုံရွေးဆရာတော်၏ မှတ်တမ်းတွင် ဝန်ကြီးပဒေသရာဇာ ကွယ်လွန်ရာဒေသသည် သန်လျင်မြို့ဖြစ်ကြောင်း တိတိကျကျပါသည်။

အမတ်ကြီးမင်းကျော်ရာဇာ၏ ဝန်ကြီးမှူးကြီးများအကြောင်းတွင် "ပဒေသရာဇာဘွဲ့နှင့် မွန်တို့ဆောင်ယူသွားရာလမ်းတွင် လွန်သည်"ဟူ၍သာ ဖော်ပြထားသည်။ နေရာတိတိကျကျမပါပေ။

ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းတွင် "သက္ကရာဇ် ၁၁၁၃ ခု ဟံသာဝတီရောက်မှနာ၍လွန်သည်"ဟူ၍ သာဖော်ပြထားသည်။

အထက်တွင်ဖော်ပြခဲ့သော မှတ်တမ်းလေးစောင်သည် မြန်မာမင်းတို့လက်ထက်ရေးသည့် ရှေးမှတ်တမ်းများပင်ဖြစ်သည်။ ကိုလိုနီခေတ်နှင့် မျက်မှောက်ခေတ်ကာလရေးသောစာရေးဆရာတို့၏ မှတ်တမ်းများကိုလည်း ဆိုပါဦးမည်။

မှော်ဘီဆရာသိန်း၏ "မြန်မာမင်းလက်ထက် ပညာရှိကြီးများနှင့် မြန်မာ့လွှတ်တော်ဝန်ကြီးမှူးကြီးများ"စာအုပ်တွင် "ကောဇာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် အင်းဝဘုရင်မင်းနှင့်တကွ ဝန်ကြီးပဒေသရာဇာပါ ဝန်ကတော်၊ သားသမီးဆွေမျိုးတို့နှင့် ဟံသာဝတီ

စာမျက်နှာ ၅ သို့ ➤

❖ မှော်ဘီဆရာသိန်း၏ "မြန်မာမင်းလက်ထက် ပညာရှိကြီးများနှင့် မြန်မာ့လွှတ်တော်ဝန်ကြီးမှူးကြီးများ"စာအုပ်တွင် "ကောဇာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် အင်းဝဘုရင်မင်းနှင့်တကွ ဝန်ကြီးပဒေသရာဇာပါ ဝန်ကတော်၊ သားသမီးဆွေမျိုးတို့နှင့် ဟံသာဝတီ မွန်မင်းဖမ်းယူခေါ်ဆောင်ရာသို့ လိုက်ပါသွားရာ သန်လျင်မြို့ ရှင်ပင်ကျိုက်ခေါက်အနီး လမ်းခရီး၌ မောဟိုက်သောဝေဒနာစွဲကပ်လာသောကြောင့် အသက် ၇၀ ကျော်တွင် အနိစ္စရောက်၍ ဝန်ကတော်နှင့် သားသမီးတို့က အလောင်းကို ကျိုက်ဏ္ဍသိခေါက်တောင်ခြေမြောက်တွင် မြှုပ်နှံသင်္ဂြိုဟ်အရိုးဂူအထိန်းအမှတ်ပြုလုပ်ထားကြလေသည်"ဟူ၍ ဖော်ပြထားသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မင်းဘူးခရိုင်အတွင်း ယခုနှစ် နွေကာလတွင် နွေနှမ်းကို ရေသွင်းစိုက်ပျိုးနည်းဖြင့် ဧ၁၂၀၂ ဧက စိုက်ပျိုးနိုင်ခဲ့

**မင်းဘူး မေ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း ယခုနှစ် နွေကာလတွင် နွေနှမ်းကို ရေသွင်းစိုက်ပျိုးနည်းဖြင့် ဧ၁၂၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးက ပြောပြ၍ သိရသည်။

မင်းဘူးခရိုင်အတွင်း ယခုနှစ် နွေကာလတွင် နွေနှမ်းကိုရေသွင်းစိုက်ပျိုးနည်းဖြင့် မတ်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေနှမ်းကို မင်းဘူးမြို့နယ်တွင် ၁၂၈၅၉ ဧက၊ ပွင့်ဖြူမြို့နယ်တွင် ၄၈၀၇၈ ဧက၊ ငဖဲမြို့နယ်တွင် ၇၇၅ ဧက၊ စလင်းမြို့နယ်တွင် ၂၈၈၄၄ ဧက၊ စေတုတ္တရာမြို့နယ်တွင် ၆၄၆ ဧက စုစုပေါင်းနွေနှမ်း ဧ၁၂၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်နွေကာလမှာ နွေနှမ်းကို တောင်သူတွေ အဆင်ပြေပြေ စိုက်ပျိုးနိုင်စေဖို့ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိတဲ့ နှမ်းမျိုးတွေဖြစ်တဲ့ စမုန်နက်နှမ်းမျိုး၊ ဆင်းရတနာ(၃) နှမ်းမျိုးတွေကို ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်"ဟု ၎င်းက ပြောပြသည်။

နွေကာလတွင် အပူချိန်မြင့်ထန်သည့်အတွက် တောင်သူအများစုသည် စိုက်ပျိုးရေ လိုအပ်ချက်နည်းပြီး သီးနှံအထွက်နှုန်းကောင်းသည့် နှမ်းမျိုးများကိုစိုက်ပျိုးလာကြောင်း၊ နွေစပါးတစ်ဧက စိုက်ပျိုးရေလိုအပ်ချက်သည် နွေနှမ်း သုံးဧကစိုက်ပျိုးရေ လိုအပ်ချက်နှင့် တူညီမှုရှိသဖြင့် ယခင်က နွေစပါးကို အဓိကစိုက်ပျိုးကြပြီး ယခုနောက်ပိုင်းတွင် စိုက်ပျိုးစရိတ်သက်သာပြီး ဈေးကွက်ရှိလာသည့်နွေနှမ်းကို ပြောင်းလဲ စိုက်ပျိုးကြကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးက ပြောပြ၍ သိရသည်။

"ကျွန်တော်တို့ဒေသမှာ အရင်ကတော့ နွေစပါးတစ်မျိုးတည်းသာ စိုက်ပျိုးလာခဲ့ကြတာပါ။ အခုနောက်ပိုင်း စိုက်ပျိုးစရိတ်သက်သာပြီး အမြတ်အစွန်းများတဲ့ နွေနှမ်းကို ပြောင်းလဲစိုက်ပျိုးခဲ့ကြပါတယ်။ နှမ်းတစ်ဧက စိုက်ပျိုးမယ်ဆိုရင် နှမ်းမျိုးစေ့ သုံးပြည်လောက်ကြပက်စိုက်ပျိုးရပြီး သီးနှံပေါ်ပြီဆို နှမ်းတစ်ဧကစိုက်ကို နှမ်း ၁၅ တင်းကနေ တင်း ၂၀ လောက်ထိထွက်ရှိတယ်။ နှမ်းတစ်ဧကစိုက်ကို ကုန်ကျစရိတ်ငွေကျပ် နှစ်သိန်းလောက်ရှိပြီး အခုနှမ်းဈေးနဲ့ဆို တောင်သူတွေအဆင်ပြေပါတယ်"ဟု မင်းဘူးမြို့နယ် ကျောက်စံကျေးရွာမှ နွေနှမ်းစိုက်တောင်သူ ဦးသန်းလွင်က ပြောပြသည်။ **မိုးထက်(မင်းဘူး)**



**➤ စာမျက်နှာ ၄ မှအဆက်**

မွန်မင်းဖမ်းယူခေါ်ဆောင်ရာသို့ လိုက်ပါသွားရာ သန်လျင်မြို့ ရှင်ပင်ကျိုက်ခေါက်အနီး လမ်းခရီး၌ မောဟိုက်သောဝေဒနာစွဲကပ်လာသောကြောင့် အသက် ၇၀ ကျော်တွင် အနိစ္စရောက်၍ ဝန်ကတော်နှင့် သားသမီးတို့က အလောင်းကို ကျိုက်ကသိခေါက်တောင်ခြေမြောက်တွင် မြှုပ်နှံသင်္ဂြိုဟ်အရိုးဂူအထိန်းအမှတ် ပြုလုပ်ထားကြလေသည်"ဟူ၍ ဖော်ပြထားသည်။

ဆရာကြီး ဒဂုန်နတ်ရှင်၏ စာပြုစာဆိုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်တွင် "လောကဇျူဟာခေါ် အင်ရုံစာတမ်းမှာ တွေ့ရှိရပြန်သည်မှာ သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ဘုရင်နှင့်တကွ ဝန်ကြီးပဒေသရာဇာကို အဝက ဟံသာဝတီသို့ တလိုင်းတို့ယူဆောင်ရာ လမ်းခရီးတွင် မမာမကျန်းဖြစ်ပြီးလမ်း၌ပင် ခန္ဓာကြွေသည်ဟုပါရှိ၏။ သို့သော် အဝနှင့် ဟံသာဝတီစပ်ကြား သံလျှင်ရှိနေသဖြင့် သံလျှင်မြို့၌ အနိစ္စရောက်သည်ဟု ကျွန်ုပ်တို့ယူဆလျှင် မှားနိုင်မည်မဟုတ်ချေ"ဟူ၍ ဖော်ပြထားသည်။

ဆရာကြီးလှသမိန်က ၁၁၁၃ ခုနှစ်တွင် သန်လျင်မြို့ ကျိုက်ခေါက်ဘုရားအနီး၌ ကွယ်လွန်ကြောင်း ဖော်ပြထားသည်။ ဗိုလ်မှူးဘသောင်းက ဝန်ကြီးပဒေသရာဇာသည် အင်းဝမှဟံသာဝတီသို့ ၁၁၁၃ ခုနှစ်တွင် ခေါ်ဆောင်ခံရသည်။ ဟံသာဝတီမှ သန်လျင်သို့ ပို့ရာတွင် သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်ဟု ယူဆဖော်ပြထားသည်။ ဆရာကြီးမြင့်ဆွေ၏ "တိမ်မြုပ်နေသော သခင်ကိုယ်တော်မှိုင်း၏စာပေများ"စာအုပ်တွင် ဝန်ကြီးပဒေသရာဇာသည် ဆားမလောက်ရွာ၌ သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်ဟု ယူဆလိုကြောင်း ဖော်ပြခဲ့သည်။ ဆရာကြီး ဦးထွန်းရီ၏ ညောင်ရမ်းခေတ်စာဆိုဝန်ကြီး ပဒေသရာဇာစာအုပ်တွင်လည်း ဆရာကြီး ဦးမြင့်ဆွေ၏အဆိုကိုသာ အလေးပေးထောက်ခံထားသည်။

အထက်ပါ အမှတ်အသားများတွင် ဝန်ကြီးပဒေသရာဇာသည် သန်လျင်၌ကွယ်လွန်သည်။ ကွယ်လွန်နှစ်မှာလည်း ၁၁၁၃ ခုနှစ်နှင့် ၁၁၁၆ ခုနှစ်ဟူ၍ နှစ်မျိုးတွေ့ရသည်။ ထိုအဆိုများတွင် မုံရွေးဆရာတော်ကြီး၏ အဆိုအမိန့်နှင့် ဆရာကြီးဒဂုန်နတ်ရှင်၏ အဆိုအမိန့်မှာသင့်သည်ဟုထင်သည်။ သို့သော်လည်း ယခုထက်ပို၍ ခိုင်မာသောသက်သေမှတ်တမ်းများကိုရှာဖွေပြီး သုတေသနပြုရဦးမည်သာဖြစ်ပါသည်။

# တို့ကျေးတောရွာ

\- တို့ကျေးတောရွာ
သာယာလို့ ထူးစွ၊
အခါနွေ ရာသီဆန်းတယ်
တင့်ရွှန်းမှုချ။

\- ဥဩသံ ချိုမြမြ
လှယဉ်ကျူး ဂီမှာန်နွေ၊
လွမ်းမောဖွယ် ဂနိုင်ရနံ့က
သင်းပျံ့လှိုင်နေ၊
ရွက်ဟောင်းတို့ တဖြုတ်ဖြုတ်ကြွေ
ရွက်သစ်ဝေ ချိန်ခါထူး၊
ပင်ယံအို ကိုင်းဖျားထက်မှာ
ကျေးငှက်ရယ်မြူး။

\- မြောက်လေရယ် ဆော်ကာဖြူး
ပွင့်ဖူးတဲ့ ပန်းမာလာ၊
လှသွေးကြွယ် ရောင်စုံပန်း
တင့်ဆန်းဝေဆာ၊
ပေါင်းသင်းရောင်းရင်း ညီညီညာ
လယ်တောယာ အတူသွား၊
ရေသွင်းချိန် ရာသီရောက်မို့
ဖြိုးမောက်ဝင့်ကြွား။

\- စိုက်ကြမည် နွေစပါးရယ်နှင့်
သီးနှံထွား မျိုးစုံလင်၊
ကြိုးစားကာ အံကိုခဲလို့
နွှဲကြသည်ပင်၊
နွေအလှ ပေါ်ကာလွင်
ပတ်ဝန်းကျင် မြင်လေသမျှ၊
တောင်သူတွေ ပြုံးပျော်တေးရယ်ဖြင့်
ဆေးရေးခြယ်သ။ ။

**မင်းသူရိန်(သာကီနွယ်)**

# စဥ့်ကိုင်မြို့နယ်တွင် အိမ်တွင်းလျှပ်စစ် သွယ်တန်းနည်းသင်တန်းဖွင့်

**စဥ့်ကိုင် မေ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဥ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိမိအောင်က အမှာစကားပြောကြားပြီး စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မြင့်ခိုင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်း သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများမှ သင်တန်းသား ၁၅ဦး တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ မေ ၁၇ ရက်ထိ အခမဲ့ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**




# အီရန်သမ္မတ အက်ဘရာဟမ်ရိုင်စီ ဆီးရီးယားနိုင်ငံသို့ရောက်ရှိ



**ဒမတ်စကတ် မေ ၃**

အီရန်သမ္မတ အက်ဘရာဟမ် ရိုင်စီသည် ဆီးရီးယားသမ္မတ အာဆတ်နှင့် တွေ့ဆုံဆွေးနွေးရေး အတွက် ဒမတ်စကတ်မြို့သို့ ယနေ့တွင် ရောက်ရှိလာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတရိုင်စီ၏ အဆိုပါခရီးစဉ်သည် ဆီးရီးယားပြည်တွင်းစစ်စတင်ဖြစ်ပွားခဲ့သော ၂၀၁၁ ခုနှစ်နောက်ပိုင်း အီရန်ခေါင်းဆောင်တစ်ဦး၏ ပထမဆုံးဆီးရီးယားခရီးစဉ်ဖြစ်သည်။

သမ္မတရိုင်စီ၏ နှစ်ရက်ကြာ ဒမတ်စကတ်ခရီးစဉ်အတွင်း အီရန်နှင့်ဆီးရီးယားတာဝန်ရှိသူများသည် သဘောတူညီချက်အများအပြားကို လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း ဆီးရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

ဆီးရီးယားပြည်တွင်းစစ်ကာလအတွင်း အီရန်နှင့်ရုရှားတို့သည် ဆီးရီးယားသမ္မတ အာဆတ်ကို စစ်ရေး၊ စီးပွားရေးအရ ကူညီခဲ့ရာ သမ္မတအာဆတ်အနေဖြင့်တစ်နိုင်ငံလုံးနီးပါးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

မိမိ၏ ဒမတ်စကတ်ခရီးစဉ်သည် အီရန်နှင့်ဆီးရီးယားတို့ကြား ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည့် ခရီးစဉ်ဖြစ်ကြောင်း အီရန်သမ္မတရိုင်စီက ဒမတ်စကတ်သို့မထွက်ခွာမီ ပြောကြားထားသည်။

ပြည်တွင်းစစ် စတင်ချိန်မှစ၍ ဆီးရီးယားနိုင်ငံကို သံတမန်ရေးအရ အဆက်ဖြတ်ထားခဲ့သော အာရပ်နိုင်ငံများကလည်း ဆီးရီးယားနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ထားရှိရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

KKO

# ပင်လယ်ကွေ့ဒေသ၌ ရေနံတင်သင်္ဘောတစ်စီးကို အီရန်စစ်ဘက်ထပ်မံဖမ်းဆီး

**ပနားမား မေ ၃**

ပနားမားအလံတင် ရေနံတင်သင်္ဘောတစ်စီးကို အီရန်စစ်ဘက်က ဟော်မုဇ်ရေလက်ကြားပင်လယ်ကွေ့ဒေသ၌ ယနေ့တွင် ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်ရေတပ် အမှတ်-၅ ရေတပ်အုပ်စု၏အဆိုအရ နီအိုဗီအမည်ရှိ အဆိုပါရေနံတင်သင်္ဘောကို အီရန်တော်လှန်ရေးအစောင့်တပ်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

နီအိုဗီရေနံတင်သင်္ဘောသည် အီရန်စစ်ဘက်က ရက်သတ္တပတ်တာကာလအတွင်း ပင်လယ်ကွေ့ဒေသ၌ ဖမ်းဆီးခဲ့သော ဒုတိယမြောက်ရေနံတင်သင်္ဘောဖြစ်သည်။

နီအိုဗီရေနံတင်သင်္ဘောဖမ်းဆီးခံထားရမှုသတင်းနှင့် ပတ်သက်၍ အီရန်အစိုးရ တာဝန်ရှိသူများက တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံ ချေဗရွန်စွမ်းအင်ကုမ္ပဏီအတွက် ရေနံစိမ်းများတင်ဆောင်ထားသော ရေနံတင်သင်္ဘောတစ်စီးကို အိုမန်ပင်လယ်ကွေ့ဒေသ၌ ဖမ်းဆီးခဲ့သည်။

ရေနံတင် သင်္ဘောများကို ပင်လယ်ကွေ့ဒေသ၌ အီရန်က ဖမ်းဆီးနေမှုသည် နိုင်ငံတကာဥပဒေများအား ချိုးဖောက်ရာရောက်သည်ဟု အမေရိကန်ရေတပ်က ဝေဖန်ထားကြောင်း သိရသည်။

KKO

# ဘက်ကင်ဟမ်နန်းတော် ပရဝဏ်အတွင်းသို့ ကျည်ဖူးများပစ်သွင်းသူ ဖမ်းဆီးခံရ

**လန်ဒန် မေ ၃**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဘက်ကင်ဟမ်နန်းတော် ပရဝဏ်အတွင်းသို့ တစ်လုံးထိုးသေနတ်ကျည်ဖူးများအဖြစ် ယူဆရသည့်အရာများပစ်သွင်းခဲ့သူ အမျိုးသားတစ်ဦးကို ဗြိတိန်ရဲတပ်ဖွဲ့ဝင်များက မေ ၂ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဖြစ်စဉ်ပေါ်ပေါက်ခဲ့ပြီးနောက် ဗြိတိန်ရဲတပ်ဖွဲ့ဝင်များသည် ဘက်ကင်ဟမ်နန်းတော် ပတ်လည်ကို လူဝင်၊ လူထွက်ပိတ်၍ ပြောင်းရှည်သေနတ်ကျည်ဖူးအဖြစ် ယူဆရသည့်အရာများကို ကျွမ်းကျင်သူများ၏အကြံပြုချက်အရ ထိန်းချုပ်ဖောက်ခွဲခဲ့ကြောင်း သိရသည်။

ဘက်ကင်ဟမ်နန်းတော်ဝင်းအတွင်းသို့ ကျည်ဖူးများပစ်သွင်းခဲ့သူအမျိုးသားကို လက်နက်ကိုင်ဆောင်မှုဖြင့် ဖမ်းဆီးထားကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ချားလ်ဘုရင်-၃၏ နန်းတက်ပွဲ မကျင်းပမီ လေးရက်အလိုတွင် ဘက်ကင်ဟမ်နန်းတော် ပရဝဏ်အတွင်း ကျည်ဖူးပစ်သွင်းမှုဖြစ်စဉ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားချိန်တွင် ချားလ်ဘုရင်-၃နှင့် ကြင်ယာတော်မိဖုရားတို့မှာ ဘက်ကင်ဟမ်နန်းတော်၌ မရှိကြောင်း သိရသည်။

KKO



# ဆားဘီးယားကျောင်းတစ်ကျောင်း၌ ကျောင်းသားတစ်ဦး၏ပစ်ခတ်မှုကြောင့် ကလေး ရှစ်ဦးနှင့် ကျောင်းလုံခြုံရေးတစ်ဦး သေဆုံး

**ဘဲလ်ဂရိတ် မေ ၃**

ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ စာသင်ကျောင်းတစ်ကျောင်း၌ ယနေ့တွင် ဆယ်ကျော်သက်ကျောင်းသားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် အခြားကလေးရှစ်ဦးနှင့် ကျောင်းလုံခြုံရေးတစ်ဦးသေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



ပစ်ခတ်မှု ကျူးလွန်ခဲ့သူမှာ အသက် ၁၄ နှစ်အရွယ် ကျောင်းသားတစ်ဦးဖြစ်ပြီး ဖခင်၏သေနတ်ကို အသုံးပြု၍ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်မှု ကျူးလွန်ခဲ့သော အဆိုပါ ကျောင်းသားငယ်ကို ကျောင်းဝင်းအတွင်းမှာပင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြောင်း ဆားဘီးယားပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

စာသင်ကျောင်း သေနတ်ပစ်ခတ်မှုအတွင်း ဆရာတစ်ဦးနှင့် အခြားကလေး ခြောက်ဦးတို့လည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဆားဘီးယားနိုင်ငံသည် သေနတ်ဖြင့် အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှု လွန်စွာရှားပါးသည့် နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ်များအတွင်း စာသင်ကျောင်းသေနတ်ပစ်ခတ်မှုမျိုး ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဆားဘီးယားနိုင်ငံ၌နောက်ဆုံးဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုမှာ ၂၀၁၃ ခုနှစ်တွင်ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

KKO

# မက္ကဆီကိုနယ်စပ်သို့ ရက် ၉၀ လုံခြုံရေးတာဝန်ဖြင့် တပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀ စေလွှတ်ရန် အမေရိကန်စီစဉ်ထား

**ဝါရှင်တန် မေ ၃**

အမေရိကန်-မက္ကဆီကို နယ်စပ်လုံခြုံရေးကိုထိန်းသိမ်းရာတွင် ကူညီပေးရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀ ကို ယာယီသဘောအားဖြင့်စေလွှတ်ဖြန့်ကြက်ရန် အမေရိကန်အစိုးရကစီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက မေ ၂ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်၍ တရားမဝင်လူဝင်မှုနှုန်း မြင့်တက်လာနိုင်မှုအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀ကို မက္ကဆီကိုနှင့်အမေရိကန်နယ်စပ်သို့စေလွှတ်ရန် အမေရိကန်အစိုးရက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် အစိုးရသည် ကိုဗစ်-၁၉ရောဂါကူးစက်မှုကို ထိန်းချုပ်ရေးအတွက် ချမှတ်ထားသည့် နယ်စပ်လူဝင်လူထွက် ကန့်သတ်ချက်များကို ပြီးခဲ့သည့်လအတွင်းက ပယ်ဖျက်ခဲ့ရာ လာမည့်လများအတွင်းနယ်စပ်ဖြတ်၍ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်လာသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း အမေရိကန်တာဝန်ရှိသူများက ခန့်မှန်းထားသည်။

နယ်စပ် လုံခြုံရေးအတွက် ရက်ပေါင်း ၉၀ ကြာ ယာယီတာဝန်ယူပေးမည့် တပ်ဖွဲ့ဝင်ဦးရေ ၁၅၀၀ တို့သည် အမေရိကန်- မက္ကဆီကိုနယ်စပ်သို့ မေ ၁၀ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရသည် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများပြဿနာကို ကိုင်တွယ်ရေးအတွက် မက္ကဆီကိုနှင့် အမေရိကန်နယ်စပ်သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ဦးရေ ၂၅၀၀ ခန့် စေလွှတ်ထားပြီးဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် သမ္မတရာထူးရယူခဲ့သော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် တရားမဝင်လူဝင်မှုမြင့်တက်လာသည့် ပြဿနာကို ကိုင်တွယ်ရန် ရုန်းကန်နေရကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အိန္ဒိယနှင့် အာဆီယံနိုင်ငံရေတပ်များ ပထမဆုံး ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်



အိန္ဒိယ-အာဆီယံ (Association of Southeast Asian Nations) ဆက်ဆံရေးကို နောက်တစ်ဆင့်တက်လှမ်းနိုင်ရန် ရည်ရွယ်၍ AIME-2023 ပထမဆုံးပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ ၂ ရက်မှ ကျင်းပလျက်ရှိရာ ၈ ရက်ထိ အဆင့်နှစ်ဆင့်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အိန္ဒိယရေတပ်သင်္ဘော (INS) Satpura နှင့် (INS) Delhi တို့သည် မေ ၁ ရက်က စင်ကာပူသို့ရောက်ရှိလာကာ ရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း The Defense Post တွင် ရေးသားဖော်ပြထားသည်။

“စစ်ရေးလေ့ကျင့်မှုရဲ့ ဆိပ်ကမ်းကနဦးအဆင့်ကို မေ ၂ ရက် ကနေ ၄ ရက်ထိ ချန်ဂီရေတပ်အခြေစိုက်စခန်းမှာ ပြုလုပ်ကျင်းပဖို့စီစဉ်ထားပြီး ပင်လယ်ရေကြောင်းလေ့ကျင့်မှုတွေပြုလုပ်တဲ့အဆင့်ကို မေ ၇ ရက်ကနေ ၈ ရက်ထိ တောင်တရုတ်ပင်လယ်ပြင်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်”ဟု အိန္ဒိယရေတပ်အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး R Hari Kumar က ပြောကြားခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် အိန္ဒိယရေတပ်နှင့် အာဆီယံရေတပ်များအတွက် နီးကပ်စွာလုပ်ဆောင်သွားနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းပိုင်နက်အတွင်း စစ်ဆင်ရေးများအဆင်ပြေစွာလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းတစ်ခုပေးစွမ်းလိမ့်မည်ဖြစ်ကြောင်း အိန္ဒိယရေတပ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါစစ်သင်္ဘောများသည် စင်ကာပူတွင် ဆိုက်ကပ်နေစဉ်အတွင်း နိုင်ငံတကာရေကြောင်းကာကွယ်ရေးပြပွဲ (IMDEX-23) နှင့် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံတကာရေကြောင်းလုံခြုံရေး ညီလာခံတွင်လည်း ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယ၏ ပထမဆုံးပြည်တွင်းဖြစ် ပဲ့ထိန်းဒုံးကျည်ဖျက်သင်္ဘော INS Delhi နှင့် ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ထားသော ပဲ့ထိန်းဒုံးကျည်ကိုယ်ပျောက်ဖရီးဂိတ် INS Satpura တို့သည် အိန္ဒိယရေတပ်၏အရှေ့ပိုင်းစစ်ရေယာဉ်စုလက်အောက်၌ တာဝန်ထမ်းဆောင်နေသည့် စစ်ရေယာဉ်များဖြစ်ကြောင်း သိရသည်။

**India, ASEAN first naval exercise today ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနိုင်ငံက IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဒုတိယတစ်စုံနှင့်အတူ ယူကရိန်းကိုစစ်ရေးအကူအညီတိုးမြှင့်ပေး

ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနသည် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် ဒုတိယတစ်စုံနှင့်အတူ ယူကရိန်းကို စစ်ရေးအကူအညီတိုးမြှင့်ပေးရန် Zetros ထရပ်ကား ၈၄ စီး၊ ကွန်တိန်နာ ရှစ်လုံးနှင့် သယ်ဆောင်သည့် ထရပ်ကား နှစ်စီးတို့ကို လွှဲပြောင်းပေးအပ်ကြောင်း ဧပြီ ၂၆ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

ယူကရိန်းသမ္မတ ဇလာဒီမာဇီလန်စကီး၏ အရေးတကြီးတောင်းဆိုမှုများကို ကြည့်မည်ဆိုလျှင် လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ရုရှားတပ်ဖွဲ့များ၏ ထိုးစစ်ဆင်မှုများကို ကာကွယ်ရာတွင် ထိပ်တန်းဦးစားပေးအဖြစ်ရှိနေပြီး အမှန်စင်စစ် ရုရှားတပ်ဖွဲ့များသည် ယူကရိန်းစစ်ဘက်၏ တပ်တည်နေရာများ၊ တပ်စခန်းများ၊ မြို့ကြီးများကို ဒရုန်းများ၊ ဒုံးကျည်များ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ဝေဟင်မှ လေကြောင်းတိုက်ခိုက်မှုများဖြင့် ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်။

ရုရှားတပ်ဖွဲ့များသည် ဧပြီ ၂၈ ရက်ကတည်းက ယူကရိန်းမြို့ကြီးများကို လေကြောင်းစစ်ဆင်ရေးများ သိသိသာသာတိုးမြှင့်လုပ်ဆောင်လာခဲ့ပြီး ခရုဇ်ဒုံးကျည်အစင်း ၂၀ ကျော်နှင့် ဒရုန်းနှစ်စင်းတို့သည် ကီယက်ဗ်မြို့တော်နှင့် နိုင်ငံ၏အခြားအစိတ်အပိုင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ နိုင်ငံအလယ်ပိုင်းမြို့များဖြစ်သည့် Kremenchuk၊ Poltava နှင့်တောင်ပိုင်းရှိ Mykolaiv မြို့တို့တွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်ဟု ယူကရိန်းသတင်းအေဂျင်စီ Interfax ၏အဆိုအရ သိရသည်။

ယူကရိန်းနိုင်ငံသည် ရုရှားတို့သိမ်းပိုက်ထားသောနယ်မြေများကို ပြန်လည်သိမ်းပိုက်နိုင်ရန်အတွက် တန်ပြန်ထိုးစစ်ဆင်မည်ဟု ကြုံးဝါးထားသည့် အချိန်ကာလနီးကပ်လာချိန်တွင် ရုရှားတို့၏လေကြောင်းမှ တိုက်ခိုက်မှုများပိုမိုပြင်းထန်လာခြင်းဖြစ်ပြီး ယူကရိန်းစစ်ဘက်သည် ရုရှားတို့၏ ခရုဇ်ဒုံးကျည် ၂၃ စင်းအနက် ၂၁ စင်းကို ပစ်ချနိုင်ခဲ့ကြောင်း ပြောကြားထားသည်။

IRIS-T SLM စနစ်သည် ဂျာမနီကုမ္ပဏီ Diehl Defence က တီထွင်ထားသည့် မြေပြင်မှဝေဟင်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ IRIS-T သည် ဝေဟင်ပစ်ဒုံးကျည်များမှ ဆင်းသက်လာခြင်းဖြစ်ပြီး နိုင်ငံအသီးသီးရှိ လေတပ်များတွင် အသုံးပြုလျက်ရှိသည်။ IRIS-T SLM သည် လေယာဉ်၊ ရဟတ်ယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် မောင်းသူမဲ့ဒရုန်း (UAV)များအပါအဝင် ဝေဟင်မှခြိမ်းခြောက်မှုများကို တာတိုမှ တာလတ်ပစ်လွှမ်းခြုံကာကွယ်နိုင်ရေးအတွက် ဒီဇိုင်းထုတ်ထားသည်။



ယူကရိန်းသည် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးစနစ်ကို လက်ခံရရှိသည့် ကမ္ဘာ့ပထမဆုံး နိုင်ငံခြားတိုင်းပြည်ဖြစ်သည်။ ဒုံးကျည်သည် အမြင့်ကီလိုမီတာ ၂၀၊ အကွာအဝေး ကီလိုမီတာ ၄၀ ထိ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ စနစ်၏အမှန်တကယ်အကွာအဝေးနှင့် ထိရောက်မှုသည် ပစ်မှတ်၏အမြင့်ပေ၊ အမြန်နှုန်းနှင့် ရှောင်လွှဲနိုင်သည့် လှုပ်ရှားစစ်ကစားမှုများကဲ့သို့သော အချက်များပေါ်တွင် မူတည်နေသည်။

**Germany bolsters military aid to Ukraine with a 2nd IRIS-T SLM air defense missile system ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကာကွယ်ရေးကန်ထရိုက်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့ တရုတ်(တိုင်ပေ)သို့ ရောက်ရှိ



အမေရိကန်-တရုတ်(တိုင်ပေ) စီးပွားရေးကောင်စီမှ အဖွဲ့ဝင်များအပါအဝင် အမေရိကန်ကာကွယ်ရေးကန်ထရိုက်တာလုပ်ငန်းအဖွဲ့ဝင် ၂၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်(တိုင်ပေ)သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ အငြိမ်းစား မရိန်းတပ်မှူး Steven Rudder ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်(တိုင်ပေ)သို့ ၂၀၁၉ ခုနှစ်မှစ၍ ပထမဆုံးလာရောက်လည်ပတ်သည့် ကိုယ်စားလှယ်အဖွဲ့ဖြစ်သည်။ အမေရိကန်-တရုတ်(တိုင်ပေ)စီးပွားရေးကောင်စီဥက္ကဋ္ဌ ရူပတ်ဟမ်မွန်-ချမ်ဘာနှင့် ဒရုန်းကျွမ်းကျင်သူအများအပြားလည်း ကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါခဲ့ကြောင်း Liberty Times က ဖော်ပြခဲ့သည်။

အဆိုပါအဖွဲ့တွင် AeroVironment၊ AEVEX Aerospace၊ တရုတ်(တိုင်ပေ)ရှိ American Institute၊ BAE Systems၊ Cubic Corporation၊ Elbit Systems of America?General Atomics၊ General Electric၊ LKD Aerospace၊ ရေကြောင်းနည်းဗျူဟာစနစ်များ၊ Northrop Grumman ကော်ပိုရေးရှင်း၊ ပစိဖိတ်ကမ်းရိုးတန်းကာကွယ်ရေး၊ Persistent Systems၊ Planate Management Group စီမံခန့်ခွဲမှုအဖွဲ့၊ Project 2049၊ Raytheon Technologies၊ Tactical Air Support၊ Teledyne FLIRLLC၊ The Rehfeldt Group၊ U.S.-Taiwan Business Council၊ Lockheed Martin Corporation၊ L3Harris, Sierra Nevada Corporation၊ Kratos Defense & Security Solutions, and SNC Corporation တို့မှ ကိုယ်စားလှယ်များပါဝင်ကြကြောင်း သိရသည်။

ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည် National Chung Shan Institute of Science and Technology သို့ သွားရောက်လည်ပတ်ခြင်းအပေါ် အဓိကဦးတည်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်(တိုင်ပေ) အရပ်ဘက်စက်မှုလုပ်ငန်းနှင့် အကြံဉာဏ်များဖလှယ်ခြင်း၊ တရုတ်(တိုင်ပေ) စစ်ဘက်စက်မှုလုပ်ငန်းအဖွဲ့များနှင့် မောင်းသူမဲ့ဒရုန်းများပူးပေါင်းတီထွင်ရန်အခွင့်အလမ်းများကိုရှာဖွေခြင်းတို့ ပါဝင်ကြောင်း တရုတ်(တိုင်ပေ) စစ်ဘက်အရာရှိများက ပြောကြားခဲ့သည်။

ကိုယ်စားလှယ် အဖွဲ့ဝင်များသည် တရုတ်(တိုင်ပေ) ပြည်တွင်းဒုံးကျည်ထုတ်လုပ်သည့် TiS-PACE သို့ မေ ၁ ရက်က သွားရောက်ခဲ့ပြီး ကုမ္ပဏီနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းပြောကြားခဲ့ကြသည်။TiS-PACE ၏ ဥက္ကဋ္ဌ Chen Yan-Sheng က လာရောက်လည်ပတ်သော ကာကွယ်ရေးပစ္စည်းပေးသွင်းသူ ကုမ္ပဏီတချို့သည် တရုတ်(တိုင်ပေ)ကို Patriot III နှင့် အခြားဒုံးကျည်များနှင့် သင်္ဘောတည်ဆောက်ရေးနည်းပညာကဲ့သို့သော လက်နက်တချို့ကို ပံ့ပိုးပေးထားကြောင်း ထောက်ပြခဲ့သည်။

**US defense industry delegation arrives in Taiwan ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# Wells Fargo Championship ပြိုင်ပွဲတွင် မက်အီလ်ရွိုင်း ပါဝင်ယှဉ်ပြိုင်မည်

**ဝါရှင်တန် မေ ၃**

ကမ္ဘာ့အဆင့် (၃)နေရာတွင် ရပ်တည်နေသည့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းသည် Wells Fargo Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း Yahoo Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်အီလ်ရွိုင်းသည် ပြီးခဲ့သည့် ဧပြီလကကျင်းပခဲ့သော RBC Heritageဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ပုဂ္ဂိုလ်ရေးကိစ္စကြောင့်ယှဉ်ပြိုင်ရန်ငြင်းဆန်ခဲ့သည်။

RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Wells Fargo Championship ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ကမ္ဘာ့အဆင့် (၂၀) အတွင်းရပ်တည်နေသော ကစားသမားများမဖြစ်မနေ ပါဝင်ယှဉ်ပြိုင်ရမည့်စည်းကမ်းချက်ရှိနေပြီး ခိုင်လုံသော အကြောင်းပြချက်ရှိမှသာ ပြိုင်ပွဲမှ နုတ်ထွက်ခွင့်ရှိပြီး ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပြိုင်ပွဲမှနုတ်ထွက်ခဲ့ပါက Player Development Programs မှချီးမြှင့်သည့် အပိုဆောင်း ဆုကြေးငွေပမာဏ ဖြတ်တောက်ခံရမည်ဖြစ်သည်။

မက်အီလ်ရွိုင်းသည် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းမှာ ယင်းမတိုင်မီ ကျင်းပခဲ့သော Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နောက်ဆုံးနေ့အတွက် Cutစာရင်းတွင် ပါဝင်နိုင်သည့်ရလဒ်မရခဲ့သည့်အတွက်ပြိုင်ပွဲကို နောက်ဆုံးနေ့တွင်ပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့ခြင်းကြောင့်ဖြစ်သည်။

ပုဂ္ဂိုလ်ရေး ခံစားချက်ကြောင့် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲမှနုတ်ထွက်ခဲ့ခြင်းသာဖြစ်သည့်အတွက် ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရသည့် မက်အီလ်ရွိုင်းသည် အလားတူအခြေအနေဖြင့် ထပ်မံမရင်ဆိုင်ရရေးအတွက် Wells Fargo Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL



# ကွင်းလယ်ဒိုင်ပေါလ်တီယာနေးကို ဝေဖန်မှုပြုလုပ်ခဲ့သည့် နည်းပြကလော့ပ်ကိုအက်ဖ်အေစွဲချက်တင်



**လန်ဒန် မေ ၃**

ပြီးခဲ့သည့် ဧပြီ ၃၀ ရက်က ကစားခဲ့သည့် လီဗာပူးအသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းက လေးဂိုး သုံးဂိုးဖြင့်အနိုင်ရခဲ့သော်လည်း နည်းပြကလော့ပ်က ကွင်းလယ်ဒိုင် ပေါလ်တီယာနေးကို ဝေဖန်ပြောကြားခဲ့မှုကြောင့် အက်ဖ်အေက အရေးယူရန်စွဲချက်တင်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်၌ လီဗာပူးအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် ဦးဆောင်နေချိန်တွင် တိုက်စစ်မှူး ဆာလာဟ်ကို ပြစ်ဒဏ်ကျူးလွန်ပြီး ရရှိခဲ့သည့် တတိယမြောက် ချေပဂိုးကို ကွင်းလယ်ဒိုင် ပေါလ်တီယာနေးက ခွင့်ပြုခဲ့သည့်အပြင် လီဗာပူးအသင်းက ဦးဆောင်ဂိုးပြန်လည်သွင်းယူခဲ့ချိန်၌ နည်းပြကလော့ဂ်က စတုတ္ထဒိုင်ရှေ့တွင် မထိမ့်မြင်အော်ဟစ်အောင်ပွဲခံမှုပြုလုပ်ခဲ့သဖြင့် အဝါကတ်ပြသခံရမှုတို့ကြောင့် ပွဲပြီးဆုံးချိန် မီဒီယာတွေ့ဆုံပွဲတွင် ကွင်းလယ်ဒိုင်ကို နည်းပြကလော့ပ်က ဝေဖန်ပြောကြားခဲ့သည်။

နည်းပြကလော့ပ်က "ဒီပွဲစဉ်မှာ ကွင်းလယ်ဒိုင်အနေနဲ့ ဟယ်ရီကိန်းကို အနီကတ်ပြထုတ်ပယ်သင့်တယ်လို့ထင်ပါတယ်။ ဒါပေမဲ့ ပေါလ်တီယာနေးက စပါးအသင်းဒိုင်ဖြစ်နေတာကြောင့် အနီကတ်မပြခဲ့ပါဘူး။ ဒ့ါပြင် ကျွန်တော့်အနေနဲ့ စတုတ္ထဒိုင်ရှေ့မှာအောင်ပွဲခံမှုပြုလုပ်ခဲ့ရာမှာ အဝါကတ်ပြသခံရတာကိုလဲ အခုထိ နားမလည်နိုင်သေးပါဘူး။ ကျွန်တော်တို့က ကိုယ့်သမိုင်းကိုရေးနေကြသူတွေဖြစ်ပါတယ်။ ပေါလ်တီယာနေးကိုလဲမသိပါဘူး။သူဘယ်လိုလူလဲဆိုတာ တကယ်မသိတာပါ"ဟု ပွဲအပြီးမီဒီယာတွေ့ဆုံပွဲတွင် ဝေဖန်ပြောကြားခဲ့သည်။

ထို့ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ပြိုင်ပွဲအတွင်း နည်းပြကလော့ပ်၏အပြုအမူများကို ပြန်လည်ဆန်းစစ်မှုပြုလုပ်ခဲ့ပြီးနောက် ကွင်းလယ်ဒိုင်ကို ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ခိုက်မှုနှင့် ဆုံးဖြတ်ချက်များကို ပြန်လည်မေးခွန်းထုတ်ခဲ့မှုတို့ကြောင့် အရေးယူရန် စွဲချက်တင်ခဲ့ကာ မေ ၅ ရက်မတိုင်မီ အယူခံတင်သွင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ML

# အီကွေဒေါကလပ် အင်ဒီပန်ဒီယန်တီအသင်း လူငယ်ကွင်းလယ်ကစားသမား ပါယက်ဇ် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့

**လန်ဒန် မေ ၃**

ချဲလ်ဆီးအသင်းသည် အီကွေဒေါကလပ် အင်ဒီပန်ဒီယန်တီအသင်း လူငယ်ကွင်းလယ်ကစားသမား ပါယက်ဇ်ကို ယူရို သန်း ၂၀ ဖြင့်ခေါ်ယူ၍ ၂၀၂၅ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းတာဝန်ရှိသူများသည် အသင်း၏အနာဂတ်စီမံကိန်းအတွက် အသက် ၁၅ နှစ်သာရှိသေးသည့် ကွင်းလယ်ကစားသမား ပါယက်ဇ်ကို ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ယခုအခါပြောင်းရွှေ့ကြေးယူရိုသန်း ၂၀ ဖြင့်ခေါ်ယူ၍ ၂၀၂၅ ခုနှစ်ထိ တရားဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

ပါယက်ဇ်သည် အင်ဒီပန်ဒီယန်တီအသင်းကြီးတွင် ပြီးခဲ့သည့်ဖေဖော်ဝါရီလက စတင်ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်သော်လည်း အသင်းအတွက် ငါးပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အီကွေဒေါ လက်ရွေးစင် ယူ-၁၇အသင်းတွင်လည်း ပြီးခဲ့သည့် မတ်လက ပါဝင်ခွင့်ရရှိခဲ့ရာ ရှစ်ပွဲတွင် သွင်းဂိုး နှစ်ဂိုးသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် အီကွေဒေါနိုင်ငံနှင့် တောင်အမေရိကတွင် အကောင်းဆုံး လူငယ်ကစားသမားများထဲတွင် ပါဝင်နိုင်ခဲ့သည်။

ထို့ကြောင့် ဥရောပထိပ်သီး ကလပ်အသင်းများဖြစ်သည့် ဒေါ့မွန်အသင်း၊ မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့က ကွင်းလယ်ကစားသမား ပါယက်ဇ်ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့ရာ ချဲလ်ဆီးအသင်းက လက်ဦးမှုရယူနိုင်ခဲ့ပြီး ကစားသမားအနေဖြင့် အသက် ၁၅ နှစ်သာ ရှိသေးသော်လည်း ချဲလ်ဆီးအသင်း တာဝန်ရှိသူများက ၁၈ နှစ်ပြည့်ချိန်ထိ မစောင့်ဆိုင်းဘဲ ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

# ဆော်ဒီအာရေဗျသို့ အသင်း၏ခွင့်ပြုချက်မရဘဲ ခရီးထွက်ခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းက မက်ဆီကို အရေးယူမှုပြုလုပ်

**ပဲရစ် မေ ၃**

တိုက်စစ်မှူး မက်ဆီသည် ပီအက်စ်ဂျီအသင်း၏ တရားဝင်ခွင့်ပြုချက်မရဘဲ ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့မှုကြောင့် အသင်းတာဝန်ရှိသူများက မက်ဆီကို ရက်သတ္တနှစ်ပတ်လုပ်ခလစာဖြတ်တောက်၍ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် လိုရီယန့်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းသားများကို အားလပ်ရက်နှစ်ရက်ပေးခဲ့သော်လည်း နောက်ပိုင်းတွင် တစ်ရက်ပြန်လည်လျှော့ချခဲ့ရာ တိုက်စစ်မှူး မက်ဆီသည် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်လည်ပတ်နေမှုကြောင့် အသင်း၏လေ့ကျင့်ရေးအစီအစဉ်ကိုလာရောက်နိုင်ခြင်းမရှိခဲ့သဖြင့် ပီအက်စ်ဂျီအသင်းကခွင့်ပြုချက်မရဘဲခရီးထွက်ခဲ့သည့် မက်ဆီကို ရက်သတ္တနှစ်ပတ်လုပ်ခလစာဖြတ်တောက်၍ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် လာမည့်နှစ်ပတ်အတွင်း ပီအက်စ်ဂျီအသင်းနှင့် ပူးပေါင်းခွင့်ရမည်မဟုတ်ဘဲ မေ ၈ ရက်တွင်ကစားရမည့် ထရွိုင်းယက်အသင်းနှင့်အဝေးကွင်းပွဲစဉ်၊ မေ ၁၄ ရက်တွင် အိမ်ကွင်းတွင်ကစားရမည့် အေဂျက်စီယိုအသင်းတို့နှင့် ပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ ခရီးသွားသံတမန်အဖြစ် ခန့်အပ်ခြင်းခံထားရသည့် မက်ဆီသည် လာမည့် ဇွန် ၃၀ ရက်တွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်း၏စာချုပ်သစ်ကမ်းလှမ်းမှုကို လက်မခံဘဲ အသင်းမှထွက်ခွာရန် သေချာနေ



ကာ ဆော်ဒီအာရေဗျကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့နိုင်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

၎င်းသည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် ၂၈ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်ထိ ပြုလုပ်ခဲ့သော်လည်း အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၃၀ ကစားခဲ့ရာတွင် ရမှတ် ၇၅ မှတ်ရရှိခဲ့ကာ အဆင့်(၂)မှ မာဆေးအသင်းကို ရမှတ် ငါးမှတ်ထိဖြတ်တောက်နိုင်ခဲ့သဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ရန်အတွက် လာမည့်ပွဲစဉ်များကို အာရုံစိုက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ယခုနှစ်ဘောလုံးရာသီကုန်တွင် အားကစားဒါရိုက်တာ မာတီယူ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။
- ပီအက်စ်ဂျီအသင်းမှ နေမာကို ကွင်းတွင်း၊ကွင်းပြင် အပြုအမူများကြောင့် ကလပ်အသင်းအတွက် ပြဿနာဖြစ်ပေါ်လာမည်ကို စိုးရိမ်သဖြင့် နည်းပြဂွါဒီယိုလာက ခေါ်ယူမည်မဟုတ်ကြောင်း သိရသည်။
- နည်းပြတန်ဟက်က တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် မူအာနီ၊ အေဘာရာဟမ်တို့အပြင် အင်တာမီလန်တိုက်စစ်မှူး လူတာရိုမာတီနက်ဇ်ကိုလည်း ကစားသမားခေါ်ယူမည့်စာရင်းတွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။ ML

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# စွမ်းရည်လေးရပ် ပြည့်ဆည်းလျက်ရှိသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ

မြန်မာနိုင်ငံတွင်လည်း ၁၉၄၆ ခုနှစ် မေ ၅ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးညီလာခံကြီးကို ရန်ကုန်မြို့ ကန်တော်ကလေး၊ ဗိနတ်အစ္စလာမ်အမျိုးသမီးကျောင်း၌ ကျင်းပနိုင်ခဲ့သည်။ ထိုအခမ်းအနားသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်၍ မီးသတ်တပ်ဖွဲ့ဆိုင်ရာသြဝါဒမိန့်ခွန်း ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ နှစ်စဉ် မေ ၅ ရက်နေ့တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် မေ ၅ ရက်နေ့သည် (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ပင်ဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် သွေးလှူဒါန်းလျက်ရှိကြသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**ကမ္ဘာတစ်ဝန်းဖွဲ့စည်း**

လူယဉ်ကျေးမှုသည် "မီး"ကို စတင်တွေ့ရှိသုံးစွဲတတ်သည့်အချိန်မှစ၍ များစွာတိုးတက်ပြောင်းလဲလာခဲ့သည်။ ရှေးခေတ်လူသားတို့သည် အသား၊ ငါးများကို အစိမ်းသက်သက်စားသောက်နေရာမှ မီးကင်၊ ချက်ပြုတ်၊ ကြော်၊ လှော်စားသောက်တတ်လာသည်။ ထိုအချိန်မှစ၍ လူသားတို့သည် ညအချိန်တွင် မီးအလင်းရောင်ကိုအသုံးပြုလျက် သားရဲတိရစ္ဆာန်များ၏ဘေးအန္တရာယ်ကို ကာကွယ်နိုင်ခဲ့သည်။ ထို့ပြင် နေ့အချိန်တွင် မပြီးပြတ်သေးသောလုပ်ငန်းဆောင်တာများကို ညအချိန်တွင် မီးအလင်းရောင်ဖြင့် ဆက်လက်လုပ်ဆောင်လာနိုင်ခဲ့သည်။ ထို့ကြောင့် မီးသည် လူသားတို့၏နေ့စဉ်လူနေမှုဘဝတွင် မရှိမဖြစ်သောအရာတစ်ခုကဲ့သို့ဖြစ်လာခဲ့သည်။

သို့သော် မီးသည် "သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူ"၊ "သူခိုးခိုးတော့ အစုတ်ကျန်၊ မီးခိုးတော့အပြုတ်နှံ"ဆိုသောစကားများကလည်း မီးဘေးအန္တရာယ်ကို ကြိုတင်သတိပေးနေခြင်းပင်ဖြစ်သည်။ ထို့ပြင် မြတ်ဗုဒ္ဓ၏တရားတော်လာ "ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ"ဆိုသော ရန်သူမျိုးငါးပါးတွင်လည်း မီးဘေးအန္တရာယ်သည် ပါရှိနေပြန်သည်။ ထိုမီးဘေးအန္တရာယ်ကိုကာကွယ်ရန်၊ မီးဘေးအန္တရာယ်အတွင်းကျရောက်နေသည့် သက်ရှိလူသားများကို အရေးပေါ်ကယ်တင်ရန်၊ မီးလောင်ဆုံးရှုံးမှုများလျော့ပါးအောင် အချိန်မီငြိမ်းသတ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အချိန်များတွင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရှေးယခင်ကတည်းကပင် ကမ္ဘာတစ်ဝန်း၌ မီးသတ်တပ်ဖွဲ့များကို စတင်ဖွဲ့စည်းခဲ့ကြသည်။

**ခေတ်တိုက်လေ့ကျင့်သင့်**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် လူတိုင်း၏တာဝန်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ပေါ့ဆမှုကြောင့် ဆုံးရှုံးမှုများစွာဖြစ်ပေါ်စေသည့် မီးလောင်မှုများကို မကြာခဏကြုံတွေ့ရသည်။ အထူးသဖြင့် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သောနွေရာသီတွင် ပြည်သူတိုင်း "မီးအသိ၊ မီးသတိ"ရှိနေရန်လိုအပ်သည်။ ရုံး၊ ဌာန၊ ကုမ္ပဏီများတွင် မီးသတ်ဆေးဘူးများ၊ ရေသဲ၊ မီးချိတ်၊ မီးကပ် စသည့် မီးငြိမ်းသတ်ရေးအထောက်အကူပစ္စည်းများကို လုံလောက်စွာထားရှိသင့်သည်။ အထူးသဖြင့် မီးငြိမ်းသတ်နည်းများကို ရပ်ကွက်၊ ကျေးရွာအလိုက် ခေတ်တိုက်လေ့ကျင့်ထားသင့်သည်။

အချို့သော ရုံး၊ ဌာနများသည် မီးသတ်အထောက်အကူပြုပစ္စည်းများကို အလှပြသက်သက်သာထားရှိကြသဖြင့် မီးဘေးအန္တရာယ်ကြုံတွေ့ရသည့်အချိန်တွင် ထိုပစ္စည်းများကို ထိရောက်စွာကိုင်တွယ်အသုံးမပြုနိုင်ကြတော့ပေ။ အချို့သောဝန်ထမ်းများသည် မီးသတ်ဆေးဘူးကိုပင် စနစ်တကျကိုင်တွယ်တတ်ခြင်း မရှိချေ။ မီးဘေးကြိုတင်ကာကွယ်နိုင်ရန် အမြဲမပြတ်သတိရှိရမည်ဖြစ်သကဲ့သို့ မီးငြိမ်းသတ်ရေးကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်ရန်လည်း လေ့ကျင့်ထားအပ်ပေသည်။ ရပ်ကွက်၊ ကျေးရွာအလိုက်လည်း အရန်မီးသတ်တပ်ဖွဲ့များ စနစ်တကျဖွဲ့စည်းထားသင့်သည်။ ရပ်ကွက်မီးကင်းတဲများသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် ရပ်ကွက်လုံခြုံရေးကိုလည်း များစွာအထောက်အကူပြုနေသည်။



**စွန့်လွှတ်အနစ်နာခံ**

မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ရန်အတွက် ဝါသနာ၊ စေတနာနှင့် အနစ်နာခံလိုစိတ်ရှိနေရန်လိုအပ်သည်။ အထူးသဖြင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးသည် ရဲရင့်ပြတ်သားရန်လိုအပ်သည်။ လွန်စွာပူပြင်းလှသည့် တဟုန်းဟုန်းတောက်နေသောမီးတောက်ထဲသို့ပြေးဝင်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ကြရသည်။ အချို့သောမီးသတ်တပ်ဖွဲ့ဝင်များသည် မီးတောက်ထဲတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ဒဏ်ရာများရရှိကြသည်။ အချို့ဆိုလျှင် အသက်ကိုပင်ပေးဆပ်သွားကြရသည်။ နှလုံးလှသူရဲကောင်းများ၏ စွန့်လွှတ်စွန့်စားအနစ်နာခံမှုများပင်ဖြစ်သည်။ ပြည်သူများအနေဖြင့် ထိုစိတ်ဓာတ်မျိုးကို အတုယူသင့်ပေသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်နေသောအဆောက်အအုံများအနီးရှိ နေအိမ်များ၊ အဆောက်အအုံများကို မီးကူးစက်မှုမရှိအောင် ရေပက်ဖျန်းကြရသည်။ အချို့သောရပ်ကွက်များရှိ လမ်းများသည် လွန်စွာကျဉ်းမြောင်းသောကြောင့် မီးလောင်ရာနေရာသို့ မီးသတ်ကားများ အချိန်မီဝင်ရောက်နိုင်ခြင်းမရှိကြချေ။ တချို့သောပြည်သူများသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏စေတနာအပေါ် အထင်အမြင်လွဲမှားနေကြဆဲပင်ဖြစ်သည်။

**အသင့်ပြင်ဆင်ထား**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်မှုကို အမြန်ဆုံးသိရှိအောင်ဆောင်ရွက်ပြီး မီးလောင်နေသည့်နေရာသို့ အမြန်ဆုံးရောက်ရှိအောင်သွားရောက်ကာ မီးကိုအမြန်ဆုံးငြိမ်းသတ်နိုင်အောင် ဆောင်ရွက်ကြရသည်။ ထိုသို့ အချိန်မီသိရှိ၍ ငြိမ်းသတ်နိုင်စေရန်အတွက် "လူ၊ ယာဉ်၊ စက်သုံးဆီနှင့်ရေ"တို့ကို အသင့်ပြင်ဆင်ထားကြရသည်။ အလျှုရှင်နိုင်ငံများက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို မီးသတ်ယာဉ်နှင့် စက်ပစ္စည်းများ လှူဒါန်းလာသည့်အတွက် များစွာပီတိဖြစ်ရသည်။ ထိုအထောက်အကူပစ္စည်းများသည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် များစွာအသုံးတည့်လျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အတွက် မီးသတ်စခန်းများ၊ ခေတ်မီမီးသတ်ယာဉ်၊ မီးသတ်စက်နှင့် အထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းပေးလျက်ရှိသည်။

အထူးသဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအနက် မီးဘေးအန္တရာယ်သည် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ ထိုမီးဘေးအန္တရာယ်နှင့် ရုတ်တရက်ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ကြိုတင်တားဆီးကာကွယ်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် ခေတ်စနစ်နှင့်ကိုက်ညီသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းထားရှိသည်။

**ထောက်ပံ့ကူညီသင့်**

လူသားတို့၏ပေါ့ဆမှုကြောင့် နှစ်စဉ် မီးလောင်ဆုံးရှုံးမှုတန်ဖိုးသည် လွန်စွာပင်များပြားလျက်ရှိသည်။ ထိုမီးလောင်မှုများကြောင့် ဆုံးရှုံးမှုတန်ဖိုးသည် ငွေကျပ်သန်းပေါင်းများစွာရှိနေသည်။ လူများထိခိုက်ဆုံးရှုံးမှုလည်းရှိနိုင်သည်။ မီးလောင်မှုကြောင့် ဘဝပျက်သွားသောမိသားစုများလည်း ရှိမည်ဖြစ်သည်။ အထူးသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အသက်စွန့်လွှတ်ခဲ့ရသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များလည်း ရှိနေမည်ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် လစာ၊ စရိတ်ခံစားခွင့်များနည်းပါးသော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အသက်ကိုပင်ပေးဆပ်လျက် ထမ်းဆောင်လျက်ရှိကြသည်။ မီးဘေးအန္တရာယ်အပြင် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့် မီးဘေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် အသက်စွန့်လွှတ်သွားရသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ထိုက်တန်သောစွမ်းဆောင်ရည်ဘွဲ့တံဆိပ်များ ပေးအပ်ခြင်းအပြင် ကျန်ရစ်ခဲ့သောမိသားစုဝင်များ၊ သား၊ သမီးများကိုလည်း လုံလောက်သောထောက်ပံ့ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသင့်သည်။

**စွမ်းရည်လေးရပ် ပြည့်ဆည်းလျက်ရှိသော မီးသတ်တပ်ဖွဲ့ဝင်များ**

ဆိုရလျှင် နှစ်စဉ် မေ ၅ ရက်သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ၁၉၄၆ ခုနှစ် မေ ၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သောကြောင့် ၂၀၂၃ ခုနှစ် မေ ၅ ရက်နေ့တွင် (၇၇) နှစ်ပြည့်မြောက်ပြီဖြစ်သည်။ ထိုသို့ရှည်လျားလှသောသမိုင်းကြောင်းနှင့်အတူ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများကို စွန့်စွန့်စားစားထမ်းဆောင်လျက်ရှိကြသည်။ မီးငြိမ်းသတ်ရေးတာဝန်များအပြင် သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများသို့လည်း ချက်ချင်းသွားရောက်ကာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

ထို့ကြောင့် ဝါသနာ၊ စေတနာနှင့် အနစ်နာခံလိုစိတ်ပြည့်ဝသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ချီးကျူးဂုဏ်ပြုထိုက်သည့် နှလုံးလှသူရဲကောင်းများဟု တင်စားရေးဖွဲ့လိုပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ထိုက်သင့်သောလစာနှင့် ခံစားခွင့်များချီးမြှင့်ပေးသင့်သည်။ မည်သို့ပင်ဆိုစေကာမူ အနာဂတ်တွင် မြန်မာနိုင်ငံ၌ မီးလောင်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းလာစေရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်လေးရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များကို ပိုမိုမြှင့်တင်ပေးနိုင်ပါရန် ရိုးသားစွာဆန္ဒပြုလိုက်ရပါသည်။

**မောင်စိန်အိ(နဘဲမြေ)**

# မကွေးမြို့နယ် မြင်စိုင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲ ကျင်းပ

**မကွေး မေ ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက် ၉ နာရီက မြင်စိုင်းကျေးရွာအုပ်စု မြင်စိုင်းကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြင်စိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှငွေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အိသဥ္ဇာဖူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း စိတ်ပါဝင်စားစွာ လက်တွေ့အသုံးချနိုင်သည်ထိ သင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်အိသဥ္ဇာဖူးက တက်ရောက်လာကြသော သင်တန်းသားဦးရေ ၂၀ အား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆိုင်ကယ်ပြင်သင်တန်းသို့ မြင်စိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆိုင်ကယ်ပြင်သင်တန်းနှင့် ပတ်သက်သည့်သင်ခန်းစာများကို သင်တန်းနည်းပြက မေ ၂ ရက်မှ ၁၆ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **အထွေး**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla attend full moon day of Kason (Buddha Day) 2023 Dhamma Congregation Auspicious Ceremony



Full moon day of Kason (Buddha Day) 2023 Dhamma Congregation Auspicious Ceremony in progress.

**Nay Pyi Taw May 3**

A Dhamma congregation auspicious ceremony marking the full moon day of Kason (Buddha Day) 2023 was held at the Sasana Maha Beikmandawgyi in the precinct of the Uppatasanti Pagoda in Nay Pyi Taw this evening and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the sermon delivering auspicious ceremony.

The ceremony was attended by members of the Sangha led by Vice Chairman of the State Sangha Maha Nayaka Committee Presiding Nayaka Sayadaw of Koesaungtaik of Koesaung Monastery in Thirimarlar Monastic Complex in Myingyan Agga Maha Pandita Bhaddanta Jotiparla and State Ovadacariya Sawlasama Chief of Shwekyin Sasana Chancellor of the Sitagu World Buddhist Universities Agga Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotika Dr Bhaddanta Nanissara and the Senior General and wife was accompanied by Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the secretary and the joint secretary of the SAC and their wives, members of the SAC and their wives, union level officials and union ministers and their wives, the chairman of the Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services, the commander of the Nay Pyi Taw Command and officials and religious associations.

The ceremony commenced with paying obeisance to Buddha images and a three-time recitation of Namo Tassa and the congregation led by the Senior General and wife took the Five Precepts from the Myingyan Sayadaw and deeply attended to the Dhamma Katha Desana sermon about the full moon day of Kason (Buddha Day) delivered by the Sitagu Sayadaw.

Then, the Senior General and wife presented more than Ks1.111 billion as Dhammapuja Cash Donation to Union Minister for Religious Affairs and Culture U Ko Ko, who accepted the cash donation on behalf of the members of the Sangha.

After attending to the sermon delivered by the Sitagu Sayadaw, the congregation shared merits and the ceremony concluded with a three-time recitation of Buddha Sasanam Ciram Titthatu. 100

# Jair Bolsonaro: Police search home of ex-president

**Brasilia May 3**

Police have searched the home of former President Jair Bolsonaro in the Brazilian capital, Brasilia, as part of an investigation into his Covid vaccination records.

Police suspect the ex-leader's vaccination record was forged so he could gain entry to the US.

Officers seized the mobile phone of the former president and that of his wife and arrested some of his close aides as part of the operation.

Mr Bolsonaro has denied any wrongdoing.

The former president is a vocal opponent of Covid vaccinations, who repeatedly spread false information about the vaccine and its alleged side effects.

While he had always said that he would not get the vaccine, he had refused to make his vaccination record public, arguing that it contained sensitive private data.

But an official in the new government of his successor, Luiz Inácio Lula da Silva, ruled that the information was in the public interest.

The record showed that Mr Bolsonaro had had a vaccine in 2021 but police think the record may have been forged and launched the investigation which led to Wednesday's raid.

BBC

# Rwanda floods and landslides kill more than 130 people

**Kigali May 3**

At least 130 people have died after floods and landslides hit Rwanda's northern and western provinces, authorities say.

The rains hit at night when many people were asleep - an official told the BBC this is one reason why so many died.

The five-year-old daughter of Claudette Nyiraneza was among them.

"We could not save my daughter under the rubble until morning," she told the BBC, adding that neighbours eventually helped retrieve her body.

Local governor François Habitegeko said many houses had collapsed on people.

He said that main roads in the area "are not usable because of landslides".

Rwanda's public broadcaster RBA reports that the casualty numbers are expected to increase as floodwaters continue to rise.

Rwanda's president offered his condolences to those who have been affected. His statement also added that residents were being evacuated from "affected and high-risk areas".

The government's main priority now is to "reach every house that has been damaged to ensure we can rescue any person who may be trapped", the Reuters news agency quotes Mr Habitegeko as saying.

BBC



Heavy rains are forecast to continue throughout May.

# Buddha Image conveyed to Mucalinda Nagayon Buddha Image chamber, Maha Bawdi banyan tree planted in precinct of Maravijaya Buddha Park as meritorious deeds on Kason fullmoon day





Senior General Min Aung Hlaing pays homage to Mucalinda Nagayon Buddha Image.

**Nay Pyi Taw May 3**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremonies to convey the Buddha Image to Mucalinda Nagayon Buddha Image chamber and grow a Maha Bawdi banyan tree in the precint of Maravijaya Buddha Park in Dekkhinathiri Township of Nay Pyi Taw Union Territory this morning as part of doing meritorious deeds on Kason fullmoon day.

Also present at the ceremony were SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win, Union Ministers U Ko Ko and U Myo Thant, Nay Pyi Taw Council Chairman U Tin Oo Lwin, Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, officials and religious assoications.

First, the ceremony of conveying the Buddha Image to the Mucalinda Nagayon Buddha Image chamber was opened with three-time recitation of Namo Tassa.

The master of ceremonies read the paper of auspiciousness. At the auspicious time, The Senior General and congregation recited Yatanattaya Puja Gatha and Sabbasangaha verse three times in choral.

At the auspicious time, the Senior General pressed the button to convey the Buddha image to the chamber.

The Senior General and party sprinkled scented Paritta water on the Mucalinda Buddha Image. They recited Jayanto Bodiyamule Gatha and the master of ceremonies read the paper of sharing merits gained.

The ceremony ended the three-time recitation of Buddha Sasanam Ciram Thithatu. Afterwards, the Senior General and party fed fish in Mucalinda Lake.

When the Lord Buddha stayed at Mucalinda tree as His sixth seven-day position, a untimely territial rain hit there for seven days. But, Mucalinda dragon rounded its body to give a seat and shelter to the Lord Buddha against the rain. Mucalinda Nagayon Buddha Imagew in Maravijaya Buddha Park was built in accord witht he Buddhism treatses and advice of venerable Buddhist monks.

Then, the ceremony to grow a Maha Bawdi banyan tree took place at Maravijaya Buddha Park in commemoration of the Kason fullmoon day of Buddha Day with three recitation of Namo Tassa.

The Senior General and wife and party recited Yadanattaya Puja and Sabbasangaha Gatha in choral.

The master of ceremonies read the Maha Bodirukkharopana Puja Gatha. The Senior General placed jewelleries in the place where a Maha Bawdi banyan tree will be planted.

The Senior General planted a Maha Bawdi banyan tree at the designated place and fed fertilizer to it. And then, the plant was sprinkled with scented water.

The Aungsu Mingala Metta dispersing paper was read, and they all shared merits gained and recited Buddha Sasanam Ciram Tithahu three times.

The Senior General and those attendees rounded the Maha Bawdi banyan tree clockwise and performed the rituals of golden and silver showers in commemoration of the successful completion of the ceremony.

The Maravijaya Buddha Image is being built with the aim of showing flourishing Theravada Buddhism in Myanmar to the world, to be a focal point of Theravada Buddhism in Myanmar, to ensure the peace and prosperity of the nation and to be a peaceful and prosperous world. Carving of the Buddha image has completed by 95 per cent and the Buddha park, 82.3 per centy.

100



Senior General Min Aung Hlaing feeding a young banyan tree.



Senior General Min Aung Hlaing watering a young banyan tree.

# Ceremony to offer alms and day meals to the Sayadaws held to mark the Buddha Day on Full Moon Day of Kason, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend the ceremony


The congregation led by Senior General Min Aung Hlaing and Daw Kyu Kyu Hla share the merits gained.

**Nay Pyi Taw May 3**

A ceremony to offer alms and day meals to the Sayadaws was held at Sasana Maha Beikman in the precinct of the Uppatasanti Pagoda in Nay Pyi Taw this morning marking the Buddha Day on Full Moon Day of Kason and Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended it and offered day meals to the Sayadaws.

Present on the occasion also were Secretary of Sangha Maha Nayaka Committee Minkyaung Pathamabyan Sarthintaik in Thanlyin Presiding Sayadaw Agga Maha Pandita Agga Maha Saddama Jotika Dhaja Dr Bhaddanta Sandima Bhivamsa, Vice-Chairman of State Sangha Maha Nayaka Committee Presiding Sayadaw of Koehsaungtaik, Thirimarlar Kyaung of Myingyan Agga Maha Pandita Bhaddanta Jotipala, Chancellor of Sitagu World Buddhist Universities and Sangha Raja of Shwekyin Nikaya Sitagu Sayadaw Abhidhaja Maha Ratha Guru Abhidhaja Agga Maha Saddhama Jotika Dr. Bhanddanta Nyanissara, Sayadaws and Sanghas. With the Senior General and wife, Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the Secretary of the Council, the Joint-Secretary of the Council and wife, members of the Council and wives, union level dignitaries, union ministers and wives, the Chairman of Nay Pyi Taw Council, senior military officers of Office of the Commander-in-Chief (Army), the Commander of Nay Pyi Taw Command and officials also attended the ceremony.

Before the start of the ceremony, the Senior General offered an emerald alms bowl, fruits, flowers, water and oil lamps to the Buddha Image inside the Sasana Maha Beikman.

Then, the ceremony was opened by reciting namotassa three times. The congregation led by the Senior General and wife took the Five Precepts from Secretary of Sangha Maha Nayaka Committee Thanlyin Minkyaung Sayadaw and listened to Paritta recited by the Sanghas.

Afterwards, the Senior General and wife offered alms to the Sayadaw.

Next, the Vice-Senior General and wife offered alms to the Vice-Chairman of State Sagha Maha Nayaka Committee Presiding Sayadaw of Koehasung Kyaungtaik, Thirimingalar Kyaung, Myingyan.

Then, the Secretary of the Council, the Joint-Secretary of the Council, members of the Council and wives, union level dignitaries, union ministers, the Chairman of Nay Pyi Taw Council, senior military officers of Office of the Commander-in-Chief (Army) offered alms to the Sayadaws and Sanghas.

Then, the congregation listened to religious sermons from the Vice-Chairman of State Sangha Maha Nayaka Committee Myingyan Sayadaw, shared merits gained and recited Buddha sasanamciratithatu three times to conclude the ceremony.

After the ceremony, the Senior General and wife Daw Kyu Kyu Hla offered day meals to the Sayadaws and Sanghas. 100


Senior General Min Aung Hlaing and Daw Kyu Kyu Hla present offertories to a Sayadaw.


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer day meal to Sayadaws.


Vice-Senior General Soe Win and Daw Than Than Nwe offer day meal to Sayadaws.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and Daw Kyu Kyu Hla, SAC members and wives hold Kason water pouring ceremony


Senior General Min Aung Hlaing and Daw Kyu Kyu Hla water a Maha Bodhi banyan tree.


Senior General Min Aung Hlaing and Daw Kyu Kyu Hla take part in Kason water pouring ceremony.

**Nay Pyi Taw May 3**

The 15th Kason water pouring ceremony was held at Maha Bodhi Tree at the northern corner of Uppatasnti Pagoda, Nay Pyi Taw, on Buddha Day, one the 12 seasonal festivals of Buddhist Myanmars, today the fullmoon day of Myanmar month Kason. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watered the Maha Bodhi banyan trees.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary, the Joint Secretary and wife, SAC members and wives, union level officials, union ministers, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, senior military officers from Office Commander-in-Chief and wives, the Nay Pyi Taw Command commander, officials and members of religious associations.

The Senior General and wife, SAC members and wives, and attendees took their positions at the ceremony in the pagoda compound. They watered the banyan trees, sprinkled scented water on them and went around them clockwise after the master of ceremonies read out the puja gatha and said Sadhu three times.

Led by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and Daw Kyu Kyu Hla, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife, the Chief of General Staff (Army, Navy and Air) and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief (Army, Navy and Air) and wives, and officers, other ranks and families watered the banyan trees in the compound of Lawkachnatha Hsutaungpyae Pagoda in Zeyathiri Township.


Kason water pouring ceremony in progress.

Fullmoon Day of Kason is a day on which Dipinkara Buddha made a revelation that Hermit Sumedha would become the Buddha, Siddhattha the would-be Buddha, was born, Buddha attained enlightenment, and Buddha attained Nirvana. Hence Fullmoon Day or Buddha Day is a significant day for Buddhists. Kason water pouring ceremony is an enjoyable religious ceremony and a cultural heritage where people perform meritorious deeds. Usually, people sprinkled scented water on Bodhi trees and made them look pleasant one day before the ceremony.

100

# Over US$5 million earned from exporting lablab bean in previous 2022-2023 FY

**Nay Pyi Taw May 3**

Myanmar earned over US$5 million from exporting lablab bean in the previous 2022-2023 financial year, according to sources from the Ministry of Commerce.

Lablab bean is one of the beans the country is exporting, and it is also in high demand in the domestic market. Last fiscal year, lablab bean exports earned US$5.498 million—US$3.328 million via maritime trade and US$2.170 million via border trade.

In the current 2023-2023 fiscal year also, lablab bean export value reached US$0.305 million—US$0.077 million via maritime trade and US$0.228 million via border trade from 1 to 21 April.

The bean has a high domestic market demand as well. It is also used for pickle tea and snacks. Currently, various kinds of beans and pulses are being traded in the wholesale market. After the Thingyan Water Festival, lablab bean prices have increased due to Chinese and domestic demands. As a result, farmers are running short of lablab bean stocks. Before the festival, one basket containing 20 viss of lablab bean was worth K85,000, and the price has now increased to around K95,000.


In the local markets, about 200 or 300 bags of lablab bean are sold every day.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဟသ်ာတမြို့နယ်ထွက် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၇၃၀၀၀ ထိ ဈေးကောင်းရရှိ



**ဟသ်ာတ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ထွက် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၇၃၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဟသ်ာတမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ခိုင်သဇင်ဝင်းက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်ထွက် မတ်ပဲကို မတ်လအတွင်းက တစ်တင်းလျှင် ငွေကျပ် ၆၁၀၀၀ ထိသာ ဈေးရှိခဲ့ပြီး ဧပြီလဒုတိယပတ်မှ ယနေ့ထိ မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၇၃၀၀၀ ထိ ဈေးကောင်းရရှိကြောင်း၊ မတ်ပဲ ဈေးကောင်းရရှိလာခြင်းသည် ပြည်ပဈေးကွက်က အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု အိန္ဒိယနိုင်ငံမှာ ရာသီဥတုအခြေအနေကြောင့် မတ်ပဲလိုအပ်ချက်က တအားမြင့်သွားပါတယ်။ သူတို့လိုရင်လိုသလောက် ကျွန်တော်တို့ဆီက လိုအပ်ချက်ကို ဖြည့်ပါတယ်။ အခုဆို ပြည်တွင်းမှာ တော်တော်အဝယ်လိုက်နေတယ်။ ဟသ်ာတမြို့နယ်မှာက မတ်ပဲတွေ ထွက်ရှိနေဆဲဖြစ်ပါတယ်။ အရင်နှစ်က ကိုဗစ်-၁၉ ရောဂါကြောင့် အလုပ်မဖြစ်ခဲ့ဘဲ ဒီနှစ်ပြည်ပဈေးကွက်ကို ပြန်တင်ပို့နေရတာကြောင့် ဈေးကောင်းရရှိနေတာပါ။ ဟသ်ာတဒေသခံတောင်သူတွေက ဟသ်ာတပွဲရုံတွေမှာပဲ ရောင်းချတာများပါတယ်။ ဟသ်ာတက ပွဲရုံတွေကလဲ ရန်ကုန်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ကပွဲရုံကြီးတွေနဲ့ ကုမ္ပဏီတွေက ပြည်ပဈေးကွက်ကို ပြန်လည်တင်ပို့ ရောင်းချတာဖြစ်ပါတယ်။ အခုမတ်ပဲအရောင်းအဝယ် တော်တော်ဖြစ်နေပါတယ်"ဟု ပွဲရုံလုပ်ငန်းရှင် ဒေါ်ခိုင်သဇင်ဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရပ်စောက်မြို့နယ် ဖောင်းတောကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ရပ်စောက် မေ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက်ပိုင်းက ဖောင်းတောကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံသို့ အသီးသီးလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းကို ဖောင်းတောကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး အခြေခံစက်ချုပ်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် မေ ၂ ရက်မှ မေ ၃၁ ရက်ထိ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရိုင်**

# ဖျာပုံခရိုင်၌ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့်ရေငန်တားတာများကို ယခုဘဏ္ဍာနှစ်တွင် ပုံစံကျအခိုင်အမာ ပြန်လည်ပြုပြင်တည်ဆောက်ပေးသွားမည်

**နေပြည်တော် မေ ၃**

ဖျာပုံခရိုင်၌ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ရေငန်တားတာများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပုံစံကျအခိုင်အမာ ပြန်လည် ပြုပြင်တည်ဆောက်ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သတင်းများအရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့စဉ်က ရေငန်တားတာများ ရေမြုပ်ပျက်စီးသွားခဲ့ကြောင်း၊ ထို့ကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကမ်းခြေလယ်ယာမြေများသို့ ရေငန်များမဝင်ရောက်နိုင်စေရေး ပျက်စီးခဲ့သည့်ရေငန်တားတာများကို အလျင်အမြန် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ်က လယ်ယာမြေများအတွင်းသို့ ရေငန်များ ဝင်ရောက်မလာစေရန်အတွက် အဓိကဖြစ်နေသဖြင့် တာတမံများ အမြန်ဆုံးပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နောက်ပိုင်းကာလများတွင် အဆိုပါရေငန်တားတာများ ပုံစံကျအခိုင်အမာ ပြန်လည်တည်ဆောက်ပေးသည့် လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖျာပုံခရိုင်အတွင်း၌ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ရေငန်တားတာများကို ပုံစံကျအခိုင်အမာ ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးပြုရန်လိုအပ်သည့် စံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသည့် ဒီဇယ်ဆီ (H.S.C) များကို ပုဂ္ဂလိကလုပ်ငန်းရှင်များထံ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ ခေါ်ယူနေပြီဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရှစ်မိုင်ခွဲ၊ ပြည်လမ်း ရန်ကုန်မြို့တွင် မေ ၁၂ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို မေ ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၃၀ နောက်ဆုံးထားကာ အဆိုပါရုံးဌာနသို့ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**ချမ်းချမ်း**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃-၅-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၀၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

☆ **ကျောဖုံးမှအဆက်**

ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်များကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ဝတ်အသင်းအဖွဲ့များတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိ ညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ရန် နေရာယူကြရာ အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဒ္ဓိနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ်ခေါ်ဆိုပြီးသည့်အခါ သတ်မှတ်ထားသည့် နေရာများအလိုက် မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်းပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များကို လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့ပြင် ဇေယျာသီရိမြို့နယ် လောကချမ်းသာ ဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊အရာခံ၊အကြပ်၊စစ်သည်၊မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြသည်။

အဆိုပါကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား **"ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကို ရလိမ့်မည်"**ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် **"ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"**ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့်(ဗုဒ္ဓနေ့)**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့ မတိုင်မီတစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင်ပြင်ဆင်ခြင်း စသည့်ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပစဉ်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဇေယျာသီရိမြို့နယ် လောကချမ်းသာ ဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။**



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ပရိဝုဏ်တော် အတွင်းရှိ မဟာဗောဓိ ညောင်ပင်တော်ကို ညောင်ရေ သွန်းလောင်း ပူဇော်ကြစဉ်။**

# ၂၀၂၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်ကုသိုလ်တော်အဖြစ် ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်စဉ်။

**နေပြည်တော် မေ ၃**

၂၀၂၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ် ကုသိုလ်တော်အဖြစ် ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဆရာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ နိုင်ငံတော်ပြဝါဒါစရိယ သောဋသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့အမှူးပြုသော

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**






**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကိုနမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလ **စာမျက်နှာ ၂၀ သို့**



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်၊ သံဃာတော်များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

စာမျက်နှာ ၁၉ မှအဆက်

ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ သီရိမာလာကျောင်းကိုးဆောင်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယ ဥက္ကဋ္ဌ မြင်းခြံဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးကို ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူဒါန်းပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ



**မန္တလေး မေ ၃**

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ၁၃၈၅ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် သာသနာတော်နှစ် ၂၅၆၇ နှစ် အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များကကြီးမှူး၍ မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးကို ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီက မန္တလေးမြို့ ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့ရှိ သတ်မှတ်မဂ်လာမဏ္ဍပ်များတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇနပိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး ဒေါ်မမ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၏ ဇနီး ဒေါ်ထားထားဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် ဇနီး ဒေါ်ဇာခြည်ဇင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မန္တလေးမြို့လေးပြင်လေးရပ်တို့မှ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော် ၁၀၂၆၈ ပါးတို့က ကျုံးလေးပြင်လေးရပ်ရှိ မင်္ဂလာမဏ္ဍပ်အသီးသီးတို့နှင့် ယာယီသီတင်းသုံးနေရာများတွင် သီတင်းသုံးတော်မူကြသည်။

ထို့နောက် နံနက်ပိုင်းတွင် အခမ်းအနားကို ကျုံးလေးပြင်လေးရပ်ရှိ မင်္ဂလာမဏ္ဍပ်အသီးသီး၌ နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော်ကြီးများထံမှ ကိုးပါးသီလခံယူပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ဒုတိယတိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ဆရာတော်ကြီးများကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ အနုမောဒနာရေစက်ချတရားနာယူကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့လေးပြင်လေးရပ်ရှိ သံဃာတော် ၁၀၂၆၈ ပါးတို့ကို ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲကို တစ်ပြိုင်တည်းကျင်းပရာ သတ်မှတ်ထားသည့် ဥပါသကာအဖွဲ့များက အစီအစဉ်များအတိုင်း ဆရာတော်ကြီးများကို ပင့်ဆောင်လာရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ဒုတိယတိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများနှင့် အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ၂၀၂၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဓမ္မသဘင်မင်္ဂလာအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို





နိုင်ငံတော်ဩဝါဒါစရိယ သောဋသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

**နေပြည်တော် မေ ၃**

၂၀၂၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာအခမ်းအနားကို ယနေ့ ညပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ နိုင်ငံတော်ဩဝါဒါစရိယ သောဋသမ ရွှေကျင်သာသနာပိုင် ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။



နိုင်ငံတော်ဩဝါဒါစရိယ သောဋသမ ရွှေကျင်သာသနာပိုင် ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အား ဖူးတွေ့ရစဉ်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက မြင်းခြံဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဓမ္မပူဇာနဝကမ္မအလှူတော်ငွေကျပ် ၁၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ကပ္ပိယကာရကအဖြစ် လက်ခံရယူသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။




## ဓမ္မပူဇာနဝကမ္မအလှူတော်ငွေများ ပေးအပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓမ္မပူဇာနဝကမ္မအလှူတော်ငွေကျပ် ၁၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ကပ္ပိယကာရကအဖြစ် လက်ခံရယူစဉ်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဦးဆောင်သည့် ဆရာတော်ကြီးများ လာရောက်ဖူးမြော်ကြည်ညို



**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဦးဆောင်သည့် ဆရာတော်ကြီးများ လာရောက်ဖူးမြော်ကြည်ညိုပြီး ရုပ်ပုံမှတ်တမ်းရိုက်ကူးစဉ်။**

**နေပြည်တော် မေ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ဦးဆောင်သည့် ဆရာတော်ကြီးများက ယနေ့ညနေပိုင်းက လာရောက်လှူလာ ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ဆောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများအား တင်ပြလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ဇော်နိုင်ဦးက မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့် တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

## အကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၁/၂၀၂၃**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၃ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင်ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၂၁၃၅ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အကျဉ်းသား၊ အကျဉ်းသူ ၃၈ ဦးကို သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၂/၂၀၂၃**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၃ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင်ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အားဖြင့် အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား၊ အကျဉ်းသူ ၃၈ ဦးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က)အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မေ ၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၅ ဦး တွေ့ရှိ

**နေပြည်တော် မေ ၃**

မေ ၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၈၈၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၅၂၅၃ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၉၅၄ ဦး |

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) စည်ကားသိုက်မြိုက်စွာ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းစဉ်။

**နေပြည်တော် မေ ၃**

ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့ဖြစ်ခြင်းနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသော နေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန်များစွာ အထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်းဖြစ်ပါသည်။ ကဆုန်လသည် မြေကြီးဓာတ်တွင် ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းလည်းဖြစ်ရာ မြန်မာတို့သည် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာနှင့် ဘာသာတရား၏ အဆုံးအမတို့ဖြင့် ကဆုန်ညောင်ရေသွန်းပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပပြုလုပ်သည့် ညောင်ရေသွန်းပွဲအပါအဝင် ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ယနေ့တွင် ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဝတ်အသင်းများ၊ ရေကြောင်းလူငယ်သင်တန်းနှင့် လေကြောင်းလူငယ်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါနသီလပွားများခြင်း စသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေး မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းစဉ်။

# တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများကိုတွေ့ရစဉ်။

**နေပြည်တော် မေ ၃**

အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁)အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အကျဉ်းသား၊အကျဉ်းသူများကို တစ်ဦးလျှင် ခရီးစရိတ်အဖြစ် ခရီးမိုင်တစ်မိုင်အား ငွေကျပ် ၃၅ ကျပ်နှုန်း၊ စားစရိတ်အား တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဦးစီးရန်ပုံငွေမှ ပြည့်ဝစွာထုတ်ပေးခဲ့ကြောင်း သိရသည်။

အကျဉ်းသား၊ အကျဉ်းသူများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင်တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာဒေသရှိ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမဩဝါဒစကားပြောကြား၍ ထောင်လွတ်လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။


ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိသူ ၂၁၅၃ ဦးအနက် ကချင်ပြည်နယ်မှ ၁၄ ဦး၊ ကယားပြည်နယ်မှ ၁၀၁ ဦး၊ ကရင်ပြည်နယ်မှ ကိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးရေ ၄၅၀၊ မကွေးတိုင်းဒေသကြီးမှ ၉၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၉၁၁ ဦး၊ မွန်ပြည်နယ်မှ ၂၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၃၃၉ ဦး၊ ရှမ်းပြည်နယ်မှ ၆၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၈ ဦး လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများကို ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များ ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ နှုတ်ဆက်ကြစဉ်။

# နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာရှိ ရတနာမာန်အောင် ရပ်တော်မူဘုရားကြီး အုတ်မြစ်ချ ရေစက်ချအလှူတော်မင်္ဂလာနှင့် ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီး ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာပြုလုပ်



နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာရှိ ရတနာမာန်အောင် ရပ်တော်မူဘုရားကြီး အုတ်မြစ်ချ ရေစက်ချအလှူတော်မင်္ဂလာနှင့် ဇိနရဋ္ဌတေဇမုနိနီးဘုရားကြီး ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာပြုလုပ်စဉ်။

**နေပြည်တော် မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာရှိ ရတနာမာန်အောင်ရပ်တော်မူဘုရားကြီး အုတ်မြစ်ချ ရေစက်ချအလှူတော်မင်္ဂလာနှင့် ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီး ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ လှိုင်လင်မြို့ သာသနာ့ဝိပုလဓာတ်တော်ကျောင်းတိုက်ဦးစီးပဓာနနာယက ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒအမှူးပြုသော သံဃာတော်များကြွရောက်ချီးမြှင့်တော်မူပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊စေတနာရှင် အလှူရှင်များနှင့်ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာမာန်အောင်ရပ်တော်မူဘုရားကြီး တည်ထားကိုးကွယ်မည့်နေရာတွင် နမောတဿ သုံးကြိမ်ရွက်ဆိုကာ ပန္နက်ရိုက်အုတ်မြစ်ချခြင်းနှင့် ဌာပနာများထည့်သွင်းတော်မူပြီး အမွှေးနံ့သာရည်များပက်ဖျန်းကာ သာသနာ့ဝိပုလဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဇိနရဋ္ဌတေဇမုနိနီးဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ ဇိနရဋ္ဌတေဇမုနိနီးဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် နေ့လယ်ပိုင်းတွင် ဇိနရဋ္ဌတေဇမုနိနီးဘုရားကြီးအား ဘုရားအနေကဇာတင်အလှူတော်မင်္ဂလာကို ဆက်လက်ပြုလုပ်ကြသည်။

အဆိုပါ မတ်ကျန်းကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသည့် ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီးကို ၂၀၁၉ ခုနှစ် မတ် ၂၀ ရက်တွင် ဆရာတော်ဘဒ္ဒန္တဝိမလပုထိက ဦးဆောင်ကာ မတ်ကျန်းကျေးရွာမှ ဒေသခံတိုင်းရင်းသား ၁၀၀၀ ကျော်ဖြင့် ဝါးအလုံးရေ ၁၅ သိန်းကျော်ကို အသုံးပြုကာ ၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက်တွင် တည်ထားကိုးကွယ်ပြီးစီးခဲ့သည့် ဘုရားကြီး၏ ဉာဏ်တော်အမြင့်မှာ အောက်ခြေပလ္လင်တော်မှ အထက်ဆံတော်အထိ ၆၃ ပေ၊ ဆံတော်ကိုးပေ၊ မျက်နှာတော် ကိုးပေ၊နားရွက်တော်ကိုးပေ၊လက်ဖဝါးတော် ကိုးပေ၊ခြေဖဝါးတော်ကိုးပေ၊ နှာခေါင်းတော်၊ မျက်လုံးတော်နှင့် ပါးစပ်တော် သုံးပေစီနှင့် ဒူးတော်အလျားအကျယ် ၃၆ ပေရှိပြီး သဘာဝဝါး၊ သစ်စေးတို့ဖြင့် ရက်လုပ်ပူဇော်ခဲ့ကြပြီး အဆိုပါ ဇိနရဋ္ဌတေဇမုနိနီးဘုရားကြီးသည် ကမ္ဘာ့အကြီးဆုံး နီးဘုရားကြီးဖြစ်လာမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြီးဆုံးဖြစ်သည့် နီးဘုရားကြီးသည် အိန္ဒိယနိုင်ငံတွင်ရှိကြောင်း သတင်းရရှိသည်။

# ပုသိမ်မြို့ရှိ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပပြုလုပ်

**နေပြည်တော် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီးရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်းအတွင်း၌ပြုလုပ်ရာ ပုသိမ်မြို့ရှိ နိဗ္ဗာနရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတအမှူးပြုသော သံဃာတော်များကြွရောက်တော်မူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သြဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးတို့က တံခွန်ကုက္ကား၊ မုလေးပွားများ ဆက်ကပ်ပြီး ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိဗ္ဗာနရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ပုသိမ်မြို့ရှိ မရမ်းချုံပရိယတ္တိစာသင်တိုက် ဆရာတော် ဧရာဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့သြဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သံဃာတော် ၂၃၁၁ ပါးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းလောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။



ပုသိမ်မြို့ရှိ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပပြုလုပ်စဉ်။

# ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ၊ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့ သွားရောက်ဖူးမြော်



ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများက တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့ သွားရောက်ဖူးမြော်ပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် မေ ၃**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၃၀ ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၅၀၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၅၀၊ စစ်တွေမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊သင်တန်းသူ စုစုပေါင်း ၆၁ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများသည် အခြားဗဟုသုတရဖွယ်နေရာများသို့လည်း သွားရောက်လေ့လာခဲ့ကြရာ သက်ဆိုင်ရာနေရာ အသီးသီးအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးခဲ့ကြသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်စခန်း ၁၇ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဦးရေ ၆၈၀ ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများအား ဒေသန္တရဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ယနေ့တွင် သက်ဆိုင်ရာသင်တန်းစခန်းများမှ သင်တန်းသား၊ သင်တန်းသူများကို နည်းပြ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများဦးစီး၍ ဒေသအလိုက် တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲပုပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၆ သန်း ရရှိခဲ့



**နေပြည်တော် မေ ၃**

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲပုပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၆ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပဲပုပ်သီးနှံသည် ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိနေသည့် ပဲသီးနှံဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲပုပ်ကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချခြင်းမရှိဘဲ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကသာ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့တင်ပို့ရောင်းချပေးရာတွင် ပဲပုပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၆ သန်းရရှိခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ဘဏ္ဍာနှစ်၏ ပထမဆုံးလဖြစ်သည့် ဧပြီ ၁ ရက်မှ ၂၁ ရက်ထိ သုံးပတ်တာကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပဲပုပ်တင်ပို့ရောင်းချမှု အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်း ရရှိခဲ့ကြောင်း သိရသည်။

ပဲပုပ်သည် ပြည်ပဈေးကွက်ထက် ပြည်တွင်းဈေးကွက်တွင် ပိုမိုရောင်းအား ကောင်းနေသည့် ပဲအမျိုးအစားဖြစ်ပြီး နိုင်ငံတကာတွင် ပဲပုပ်ကို အခြေခံကုန်ကြမ်းအဖြစ်အသုံးပြုကာ စားသောက်ကုန်မျိုးစုံ၊ စားသုံးဆီ၊ ထောပတ်၊ ချောကလက် စသည်စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင်သာမက အလှကုန်၊ အဝတ်အထည်၊ မော်တော်ကားအတွင်း ထိုင်ခုံ၊ နောက်မှီများထိ ထုတ်လုပ်သုံးစွဲနေကြောင်း၊ လက်ရှိ ပြည်တွင်းဈေးကွက်များတွင် ပဲပုပ်(ရှမ်း)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၇၀၀၀ မှ ၁၄၀၀၀၀၊ ပဲပုပ်(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ မှ ၂၁၅၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။ SKL

# ကွမ်းလုံမြို့နယ် မန်မောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းလုံ မေ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်မောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးပေးခြင်းကို မေ ၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် စသည့်အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပြီး မိသားစုဝင်ငွေ တိုးပွားလာစေမည်ဖြစ်ကြောင်း၊ ရရှိလာသောမြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မန်မောင်ကျေးရွာမှမြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၈၉ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက မန်မောင်ကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို သတ္တမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၄၈၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စေဦး(မောရှမ်းမြေ)**

# စေတုတ္တရာမြို့နယ် မြေနီကုန်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**စေတုတ္တရာ မေ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲကို မေ ၂ ရက် နံနက်ပိုင်းက မြေနီကုန်းကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းမှ ပို့ချပေးမည့်ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းသို့ စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံသင်တန်းသူဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် ကလေးဝတ်ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ စကတ်၊ အင်္ကျီအမျိုးမျိုး၊ အမျိုးသမီးဝတ်ရင်ဖုံး၊ ရင်စေ့အင်္ကျီများ၊ လုံချည်၊ အမျိုးသားဝတ် သဘော်သားအင်္ကျီ၊ ရှပ်အင်္ကျီချုပ်နည်းများကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့ဖြင့် မေ ၂ ရက်မှ မေ ၃၀ ရက်ထိ ၂၉ ရက်ကြာ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြ၍ သိရသည်။ **ကိုညီ**



# မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၅၇၇ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၅၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နွေစပါး ၂၅၇၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြောင်မြို့နယ်မှာ နွေစပါး သီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာလဲ လျာထားချက်အတိုင်း စိုက်ပျိုးပြီးပါပြီ။ နွေစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးလာပါတယ်။ အထွက်နှုန်းကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နွေစပါးသီးနှံ ၂၅၇၇ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၃၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် နွေစပါး စိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် မိုးစပါးသီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၄၀၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပါကစ္စတန်နိုင်ငံတွင်ကျင်းပမည့် လေးကြိမ်မြောက် နိုင်ငံတကာအထည်အလိပ်ပြပွဲသို့ မြန်မာအထည်အလိပ်လုပ်ငန်းရှင်များ တက်ရောက်မည်

**ရန်ကုန် မေ ၃**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ကျင်းပမည့် လေးကြိမ်မြောက် နိုင်ငံတကာ အထည်အလိပ်ပြပွဲသို့ မြန်မာအထည်အလိပ် လုပ်ငန်းရှင်များ တက်ရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ အောင်ဝင်းက ပြောပြ၍ သိရသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ကျင်းပမည့် လေးကြိမ်မြောက် နိုင်ငံတကာ အထည်အလိပ်ပြပွဲကို မေ ၂၆ ရက်မှ မေ ၂၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ လေးကြိမ်မြောက် နိုင်ငံတကာ အထည်အလိပ်ပြပွဲသို့ တက်ရောက်မည့် မြန်မာအထည်အလိပ်လုပ်ငန်းရှင်ဦးရေ ၄၀ ခန့်ရှိကြောင်း သိရသည်။

"ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှာ မေ ၂၆ ရက်ကနေ ၂၈ ရက်ထိ ကျင်းပမဲ့ လေးကြိမ်မြောက် နိုင်ငံတကာ အထည်အလိပ်ပြပွဲဟာ ကမ္ဘာမှာ အကြီးမားဆုံးနိုင်ငံတကာ အထည်အလိပ်ပြပွဲဖြစ်ပါတယ်။ ပြပွဲမှာပါဝင်ပြသမဲ့ မြန်မာလုပ်ငန်းရှင်တွေက နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်တွေ့ဆုံမှုတွေရရှိနိုင်ပြီး ဆွေးနွေးပွဲတွေ ဆောင်ရွက်နိုင်မှာဖြစ်သလို ရင်းနှီးမြှုပ်နှံမှုတွေလဲ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု ဒေါက်တာအောင်ဝင်းက ပြောပြသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၁၂၀ ခန့်မှ ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၄၀၀ ကျော်က ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပြခန်းပေါင်း ၇၀၀ ခန့် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ သိရသည်။ ASH

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# သေတမ်းစာရေးသားခြင်းနှင့် အတည်ပြုသူအဖြစ်ခန့်ထားခြင်း

စိန်လှိုင်ဖိုလ်



ဗုဒ္ဓဘာသာကိုးကွယ်သူများသည် သေတမ်းစာရေးခွင့်မရှိကြောင်း သိရှိကြသည်။ သို့ရာတွင် ခရစ်ယာန်ဘာသာကိုးကွယ်ကြသူများမှာမူ သေတမ်းစာရေးခွင့်ရှိသည်။ မကွယ်လွန်မီကပင် သေတမ်းစာရေးသားပြီး သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားနိုင်ပါသည်။ သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားခြင်းခံရသူက အမွေထိန်းလက်မှတ်စာလျှောက်ထားရာတွင် ပေါ်ပေါက်လာသောပြဿနာတစ်ခုနှင့်စပ်လျဉ်း၍ စိတ်ဝင်စားဖွယ်ကောင်းသောအမှုတစ်ခုကို အကြောင်းပြု၍ ရေးသားဖော်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၆၇ တွင် ဦးလောရင့်မွန်းက မိခင် ဒေါ်ရွှေအိ မကွယ်လွန်မီ သေတမ်းစာတစ်စောင်ပြုလုပ်ပြီး ၎င်းအား သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားခဲ့သည်ဟု အဆိုပြု၍ ကွယ်လွန်သူ၏ပစ္စည်းအရပ်ရပ်အတွက် အမွေထိန်းလက်မှတ်စာထုတ်ပေးရန် လျှောက်ထားခဲ့သည်။ ထိုသို့လျှောက်ထားခြင်းကို ကွယ်လွန်သူ ဒေါ်ရွှေအိ၏မောင်ဖြစ်သူ ဦးဘရင်၏သားများဖြစ်ကြသော ဦးစောကနေဒီရင်နှင့် ဦးစောဂျီဝယ်ရင် ခေါ် ဦးမျိုးမင်းရင်တို့က ကန့်ကွက်ခဲ့သည်။

ခရိုင်တရားရုံးက အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၉၅ အရ တရားမကြီးမှုအဖြစ် ပြောင်းလဲစစ်ဆေးပြီး ဦးလောရင့်မွန်း လျှောက်ထားချက်အနက် အပိုဒ်(ခ) ပစ္စည်းအတွက်သာ အမွေထိန်းလက်မှတ်စာထုတ်ပေးခဲ့သည်။ ၎င်းအမိန့်ကို ဦးလောရင့်မွန်းက မကျေနပ်၍ တရားရုံးချုပ်တွင် ၂၀၀၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၄၆ ဖြင့် အယူခံဝင်ရောက်ခဲ့ရာ ခရိုင်တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး ဦးလောရင့်မွန်းလျှောက်ထားသည့် ပစ္စည်းအရပ်ရပ်အပေါ် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၃၂(ခ) သေတမ်းစာပူးတွဲလျက် အမွေထိန်းလက်မှတ်စာထုတ်ပေးရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့သည်။

ခရိုင်တရားရုံးက အမွေထိန်းလက်မှတ်စာလျှောက်လွှာအပိုင်း(က) ပါပစ္စည်းတွင် ဒေါ်ရွှေအိသမီး ဒေါ်စီစီလီယာမွန်းနှင့် ဦးဘရင်၏သားသမီးများက လွန်ခဲ့သောနှစ်ပေါင်းများစွာက နေထိုင်လာကြောင်း၊ အချင်းချင်းပြဿနာတစ်စုံတစ်ရာ မရှိခဲ့ကြောင်း၊ အမွေထိန်းလက်မှတ်စာထုတ်ပေးပါက ပိုင်ဆိုင်မှုပြဿနာများ ပိုမိုရှုပ်ထွေးလာနိုင်ကြောင်း၊ သို့ဖြစ်၍ အမှတ်(၆) စောတေလိန်းလမ်းရှိမြေနှင့်နေအိမ်အတွက် အမွေထိန်းလက်မှတ်စာထုတ်ပေးရန် မလိုအပ်ကြောင်း၊ ၎င်းလျှောက်လွှာ အပိုဒ်(ခ) ပါပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရထိုက်ကြောင်းသုံးသပ်လျက် အင်းစိန်မြို့နယ် သမိုင်းရပ်ကွက်မြေနှင့် မြေပေါ်ရှိပစ္စည်းများအတွက်သာလျှင် အမွေထိန်းစာလက်မှတ်ထုတ်ပေးသည့် အမိန့်ချမှတ်ခဲ့သည်။

တရားရုံးချုပ်က အမွေထိန်းလက်မှတ်စာရလိုကြောင်း လျှောက်လွှာပါပစ္စည်းများသည် ကွယ်လွန်သူ ဒေါ်ရွှေအိ ပိုင်၊ မပိုင် စသည့်ပိုင်ဆိုင်ခွင့်ပြဿနာများကို အဆုံးအဖြတ်ပြုရန်မလိုကြောင်း၊ ဦးလောရင့်မွန်းသည် ကွယ်လွန်သူ ဒေါ်ရွှေအိ၏သားဖြစ်ပြီး ၎င်းအား သေတမ်းစာပါပစ္စည်းအရပ်ရပ်အတွက် သေတမ်းစာအတည်ပြုသူအဖြစ် ခန့်အပ်ခဲ့သဖြင့် အမွေထိန်းလက်မှတ်စာ လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း သေတမ်းစာပါပစ္စည်းအရပ်ရပ်ကို စီမံခန့်ခွဲရန် လိုအပ်သည့်အလျောက် အမွေထိန်းလက်မှတ်စာထုတ်ပေးရန် လျှောက်ထားခြင်းဖြစ်ကြောင်း၊ ဤအခြေအနေတွင် ပိုင်ဆိုင်ခွင့်ပြဿနာကို အကြောင်းပြု၍ သေတမ်းစာပါ ကြည့်မြင်တိုင်မြို့နယ်ရှိ ပစ္စည်းများကို ချန်လှပ်ပြီး အင်းစိန်မြို့နယ် သမိုင်းရပ်ကွက်ရှိ ပစ္စည်းများအပေါ်တွင်သာ အမွေထိန်းစာလက်မှတ်ထုတ်ပေးခြင်းသည် မှန်ကန်မှုမရှိကြောင်း သုံးသပ်လျက် မူလရုံးအမိန့်ကို ပယ်ဖျက်ကာ လျှောက်ထားသည့်ပစ္စည်းအရပ်ရပ်အပေါ် အမွေထိန်းစာလက်မှတ်ထုတ်ပေးရန် တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ်၏အမိန့်ကို ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ-၇ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ဦးစောကနေဒီရင်တို့က လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက-

(၁) မူလတရားရုံးက လျှောက်ထားသူကို အနိုင်ပေးသောအမိန့်အပေါ် အနိုင်ရသူက တရားရုံးချုပ်တွင် အယူခံဝင်ခြင်းမှာ မှန်ကန်မှုရှိ၊ မရှိ။

(၂) သေတမ်းစာအရ အမွေဆက်ခံခွင့်ရှိသူကိုယ်တိုင်နှင့် အမွေဆိုင်များနေထိုင်လျက်ရှိသော အိမ်ခြံမြေအတွက် အမွေထိန်းစာထုတ်ပေးခြင်းမှာ မှန်ကန်မှုရှိ၊ မရှိဟူသော ပြဿနာများကို ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဦးလောရင့်မွန်းက ၎င်း၏မိဘများမှာ ဦးစောစံမွန်းနှင့် ဒေါ်ရွှေအိတို့ဖြစ်ပြီး ဖခင်နှင့် မိခင်တို့သည် အသီးသီးကွယ်လွန်ကြပြီးဖြစ်ကြောင်း၊ ဒေါ်ရွှေအိသည် ကရင်လူမျိုး ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်၍ တည်ဆဲဥပဒေများအရ သေတမ်းစာပြုလုပ်နိုင်သူဖြစ်ကြောင်း၊ ဒေါ်ရွှေအိသည် ၎င်းမကွယ်လွန်မီ ၁၉၈၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် သေတမ်းစာတစ်စောင်ပြုလုပ်ပြီး ၎င်းအား သေတမ်းစာအတည်ပြုသူအဖြစ် ခန့်အပ်ခဲ့ကြောင်း၊ သို့ဖြစ်၍ မိခင်ရေးသားခဲ့သောသေတမ်းစာကို အတည်ပြုပြီး သေတမ်းစာပါ ပစ္စည်းနှစ်ရပ်အပေါ် အမွေထိန်းလက်မှတ်စာထုတ်ပေးရန် လျှောက်ထားသောအမှုဖြစ်သည်။

ဦးလောရင့်မွန်းက သေတမ်းစာပူးတွဲလျက် အမွေထိန်းလက်မှတ်စာထုတ်ပေးရန် လျှောက်ထားသောအမှုတွင် သေတမ်းစာတွင် ပစ္စည်းနှစ်ရပ်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အုပ်စုနံပါတ်(၁၂)၊ ဘလောက်နံပါတ် (၂၇-အေ)၊ ဦးပိုင်နံပါတ် (၃၂-အက်ဖ်/၁၉၁၉-၂၀) ပေ(၉၀×၄၀) ရှိ မြေနှင့် ၎င်းမြေပေါ်တွင် တည်ရှိသော ကြည့်မြင်တိုင်၊ ကရင်စု စောတေလိန်းလမ်း၊ အိမ်နံပါတ် (၆) ရှိ ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးအိမ်နှင့် အကျိုးခံစားခွင့်အားလုံး။

(၂) အင်းစိန်မြို့နယ် အုပ်စုနံပါတ် (၂၈)၊ သမိုင်းရပ်ကွက်၊ နံပါတ် (၁၃/၁၉၃၆)၊ ဦးပိုင်နံပါတ် (၄)၊ ဧရိယာ (၈ ဒသမ ၂၉၂) ဧကရှိ ခြံမြေအနက် (အေ) အမှတ်အသားပြထားသော ဧရိယာ (၁. ၀၀) ဧကရှိ ခြံမြေနှင့် ၎င်းမြေပေါ်ရှိ သစ်ပင်ကြီးများ

၎င်းပစ္စည်းများအနက် အမှတ်(၁) ပါ ပစ္စည်းကို ကွယ်လွန်သူ ဒေါ်ရွှေအိက စတုတ္ထသမီးဖြစ်သူ ဒေါ်စီစီလီယာမွန်းအားလည်းကောင်း၊ အမှတ်(၂) ပါ ပစ္စည်းကို သားဖြစ်သူ ဦးလောရင့်မွန်းအားလည်းကောင်း သေတမ်းစာရေးသား၍ ပိုင်ဆိုင်ခွင့်ပေးအပ်ခဲ့သည်။ သေတမ်းစာပါအချက်အလက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးလောရင့်မွန်းအား သေတမ်းစာအတည်ပြုသူအဖြစ် ခန့်အပ်ခဲ့သည်။

အမှတ်(၁) ပါပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ပြဿနာများ ပေါ်ပေါက်ဖွယ်ရှိကြောင်း အကြောင်းပြချက်ဖြင့် ၎င်းပစ္စည်းများကိုချန်လှပ်ကာ အမှတ်(၂) ပါ ပစ္စည်းအတွက်သာ ခရိုင်တရားရုံးက အမွေထိန်းလက်မှတ်စာထုတ်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဦးလောရင့်မွန်းသည် ပစ္စည်းနှစ်ရပ်စလုံးအတွက် အမွေထိန်းလက်မှတ်စာ လျှောက်ထားခဲ့သော်လည်း ခရိုင်တရားရုံးက ပစ္စည်းတစ်ရပ်အတွက်သာ ခွင့်ပြုသဖြင့် ကျေနပ်မှုမရှိ၍ အယူခံတင်သွင်းခဲ့ခြင်းဖြစ်သည်။

ယခုအမှုတွင် အယူခံတရားပြိုင် ဦးလောရင့်မွန်း အနေဖြင့် မိမိတောင်းဆိုသည့် သက်သာခွင့်တစ်စိတ်တစ်ဒေသကိုသာ ခရိုင်တရားရုံးက ခွင့်ပြုသည့်အတွက် သက်သာခွင့်အားလုံးရရှိရန်အလို့ငှာ တရားရုံးချုပ်တွင် အယူခံဝင်ရောက်ခြင်းမှာ မှားယွင်းခြင်းမရှိကြောင်း အထူးအယူခံခုံရုံးက သုံးသပ်ခဲ့သည်။ သို့ဖြစ်၍ ကြားနာလျက်ရှိသော ပထမပြဿနာနှင့် စပ်လျဉ်း၍-

**မူလတရားရုံးက လျှောက်ထားသူကို အနိုင်ပေးသောအမိန့်အပေါ် အနိုင်ရသူက တရားရုံးချုပ်တွင် အယူခံဝင်ခြင်းမှာ တောင်းဆိုသည့်သက်သာခွင့် တစ်စိတ်တစ်ဒေသကိုသာ အနိုင်ရရှိ၍ မရရှိသော သက်သာခွင့်အတွက် အယူခံဝင်ခြင်းသည် မှန်ကန်ကြောင်း အထူးအယူခံခုံရုံးက ဖြေဆိုခဲ့သည်။**

တရားရုံးချုပ်က အယူခံတရားပြိုင် ဦးလောရင့်မွန်း လျှောက်ထားသည့်အတိုင်း အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၃၂(ခ) အရ သေတမ်းစာပူးတွဲလျက် အမွေထိန်းလက်မှတ်စာထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယခုအမှုတွင် အယူခံတရားပြိုင်သည် သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားခြင်းခံရသူလည်းဖြစ်သည်။ ၎င်းသည် တရားဝင်မစွမ်းဆောင်နိုင်သူဖြစ်ကြောင်း မပေါ်ပေါက်သည့်အပြင် ၎င်းက သေတမ်းစာအတည်ပြုလိုသူအဖြစ် မဆောင်ရွက်လိုကြောင်း ငြင်းဆိုမှုလည်းမရှိပေ။ ၎င်းမှာ အသက်ထင်ရှားရှိနေသဖြင့် အမွေစားအမွေခံတစ်ဦးအား သေတမ်းစာပူးတွဲပါရှိသည့် အမွေထိန်းလက်မှတ်စာထုတ်ပေးရန်အကြောင်း မပေါ်ပေါက်ပေ။ သို့ရာတွင် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၃၂(ခ) တွင် သေတမ်းစာအတည်ပြုသူကို အမွေထိန်းလက်မှတ်စာထုတ်ပေးရမည်ဟု ပြဋ္ဌာန်းမထားကြောင်း အထူးအယူခံခုံရုံးက သုံးသပ်ခဲ့သည်။

ဒေါ်ရွှေအိ ပြုလုပ်ခဲ့သည်ဆိုသော သေတမ်းစာတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်တိုက်နယ်ရှိ အချင်းဖြစ်အိမ်ကို ဒေါ်ရွှေအိက သမီးဖြစ်သူ ဒေါ်စီစီလီယာမွန်းအား ပေးအပ်ခဲ့သည်ဆိုရာ အယူခံတရားပြိုင် ဦးလောရင့်မွန်းသည် အချင်းဖြစ်အိမ်ကို ရထိုက်သူမဟုတ်၍ ၎င်းအိမ်နှင့်စပ်လျဉ်းပြီး အမွေထိန်းလက်မှတ်စာရထိုက်ခွင့်မရှိပေ။ တရားရုံးချုပ်က အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၃၂(ခ)အရ သေတမ်းစာပူးတွဲလျက် အမွေထိန်းလက်မှတ်သာထုတ်ပေးရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းနေကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

အယူခံတရားပြိုင် ဦးလောရင့်မွန်းသည် သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားခြင်းခံရသူဖြစ်ရာ ၎င်းအနေဖြင့် သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးရန်ကိုသာ လျှောက်ထားသင့်ကြောင်း ဤအထူးအယူခံမှုမှာ အယူခံတရားပြိုင် ဦးလောရင့်မွန်းတင်သွင်းသည့်အမှုမဟုတ်သဖြင့် တရားရုံးချုပ်၏အမိန့်ကို ပြင်ဆင်၍ အယူခံတရားပြိုင်ကို သေတမ်းစာအတည်ပြုလက်မှတ်ထုတ်ပေးရန် မဖြစ်နိုင်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ပြီးနောက် ကြားနာလျက်ရှိသော ဒုတိယပြဿနာနှင့်စပ်လျဉ်း၍

**“သေတမ်းစာအရ အမွေဆက်ခံခွင့်ရှိသူကိုယ်တိုင်နှင့် အမွေဆိုင်များ နေထိုင်လျက်ရှိသော အိမ်ခြံမြေအတွက် သေတမ်းစာအတည်ပြုသူကို အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းမှာ မှန်ကန်မှုမရှိကြောင်း”**

သုံးသပ်၍ အထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏အမိန့်ကို ပယ်ဖျက်၍ ခရိုင်တရားရုံး၏အမိန့်ကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်ပါသည်။ ဦးစောကနေဒီရင်ပါ-၂ နှင့် ဦးလောရင့်မွန်း ၂၀၀၂ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်- ၁၄ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

❖ ယခုအမှုတွင် အယူခံတရားပြိုင်သည် သေတမ်းစာအတည်ပြုသူအဖြစ် ခန့်ထားခြင်းခံရသူလည်းဖြစ်သည်။ ၎င်းသည် တရားဝင်မစွမ်းဆောင်နိုင်သူဖြစ်ကြောင်း မပေါ်ပေါက်သည့်အပြင် ၎င်းက သေတမ်းစာအတည်ပြုလိုသူအဖြစ် မဆောင်ရွက်လိုကြောင်း ငြင်းဆိုမှုလည်းမရှိပေ။ ၎င်းမှာ အသက်ထင်ရှားရှိနေသဖြင့် အမွေစားအမွေခံတစ်ဦးအား သေတမ်းစာပူးတွဲပါရှိသည့် အမွေထိန်းလက်မှတ်စာထုတ်ပေးရန်အကြောင်း မပေါ်ပေါက်ပေ။ ❖

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၉၅၁ ဒသမ ၈၉၇ သန်း ရရှိအောင်ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် မေ ၃**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၉၅၁ ဒသမ ၈၉၇ သန်းရရှိအောင်ဆောင်ရွက် နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကံပိုင်တည်နှင့်ကျိုင်းတုံ စသည့် နယ်စပ်ကုန်သွယ်ရေး စခန်းများ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ် ရေးစခန်းများမှ ပို့ကုန် အမေရိကန် ဒေါ်လာ ၂၅၁၃ ဒသမ ၈၃၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၆၁ ဒသမ ၉၃၈ သန်းဆောင်ရွက် နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၉၅၁ ဒသမ ၈၉၇ သန်းရရှိအောင်ဆောင်ရွက် နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ ပို့ကုန်အမေရိကန်ဒေါ်လာ ၂၁၀၄ ဒသမ ၈၂၀ သန်း၊ သွင်းကုန်အမေ ရိကန်ဒေါ်လာ ၃၃၇ ဒသမ ၂၆၂ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၁၇၆၇ ဒသမ ၅၅၉ သန်း၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ် ရေးဇုန်မှ ပို့ကုန်အမေရိကန် ဒေါ်လာ ၁၀၉ ဒသမ ၁၇၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၀၆ သန်း ဆောင်ရွက်နိုင် သဖြင့် ကုန်သွယ်မှုပိုငွေ အမေ ရိကန်ဒေါ်လာ ၇၂ ဒသမ ၁၁၉ သန်း၊ ချင်းရွှေဟော်နယ်စပ်ကုန် သွယ်မှုဇုန်မှ ပို့ကုန် အမေရိကန် ဒေါ်လာ ၁၈၀ ဒသမ ၁၄၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၆၁၅ သန်း ဆောင် ရွက်နိုင်သဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၂၇ သန်းရရှိအောင် ဆောင်ရွက် နိုင်ခဲ့သည်။

ထို့အတူ ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးဇုန်မှ ပို့ကုန် အမေ ရိကန်ဒေါ်လာ ၁၁၁ ဒသမ ၉၆၂ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၁၂ဒသမ ၉၇၈ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှု ပိုငွေ အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၉၈၄ သန်း၊ ကျိုင်းတုံနယ်စပ် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်အမေ ရိကန်ဒေါ်လာ ၇ ဒသမ ၇၃၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၄ဒသမ ၀၂၃ သန်း ဆောင်ရွက် နိုင်သဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၀၈ သန်းရရှိအောင် ဆောင်ရွက် နိုင်ခဲ့ကြောင်း သိရသည်။

SKL

# မက်မန်းမြို့နယ်၌ လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲ ကျင်းပ

**မက်မန်း မေ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်း ကျောင်းအထောက်အကူပြု လက် သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မက်မန်းခရိုင် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီ ဇော်လှအောင်က ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ရန် အတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတက်ရောက်လာကြသော သင်တန်းသားများအား သင် ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်း ကျောင်းအထောက်အကူပြု လက် သမား၊ ပန်းရန်သင်တန်းသို့ မက်မန်း မြို့နယ်ရှိ ကျေးရွာ ငါးရွာမှ သင်တန်း သား ဦးရေ ၂၀ တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြများက လက် သမား၊ ပန်းရန်ပညာရပ်များကို ယနေ့မှ မေ ၂၂ ရက်ထိ ရက် ၂၀ ကြာ စာတွေ့၊ လက်တွေ့အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ် ကြောင်း မက်မန်းမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော် လှအောင်ထံမှ သိရသည်။ **သံသာ**



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။












## ပျောက်ဆုံးကြောင်း

မိုင်းကိုင်မြို့နေ စိုးစိုးထိုက် (ဘ) ဦးကျန်းလျိုတ (၁၃/မကန(ပြု)၀၀၀၁၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA- 204259) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉–၆၈၅၂၀၄၃၃၃

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နေ အောင်ထက်ခိုင် (ဘ) ဦးရင်ခိုင် (၉/နထက(နိုင်)၁၈၉၁၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-195842) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉–၆၉၂၅၇၁၃၁၄

## ပျောက်ဆုံးကြောင်း

မုံရွာမြို့နယ်နေ မင်းစိုးထွန်း (ဘ) ဦးတင်ထွန်း (၅/မရန(နိုင်)၂၄၁၅၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-253598)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉–၆၇၄၂၀၀၃၅၉

**မီး**
**သတိပြု**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

**ခြင်ဆေးခွေ**
**သုံးလျှင်**
**သတိယှဉ်**
**အောက်တွင်**
**ခံခွက်**
**မမေ့နှင့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုနိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်...

❖ အလားတူ ဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ်ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိ...

❖ အကြမ်းဖက်မှုဖြစ်စဉ်များလျော့နည်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပြုလုပ်သော မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့် ဇနီးများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်



နေပြည်တော် မေ ၃

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လ ရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သော ယနေ့တွင် ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၅)ကြိမ်မြောက် **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်များကို ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဇမ္ဗူလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ဖုန်းလက်မှတ်အရောင်းဌာန
၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၀၄၀၀၈၄၄
၀၉ ၂၆၀၄၀၀၈၅၅
ရန်ကုန်မြို့တွင်း
G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket

ရွှေမန်းသူ
ရွှေမြို့င်သူ
ရှမ်းမလေး
ပုသိမ်သူ

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဖျာ - ရေနီ
- ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု